



ဒုတိယအကြိမ်

# နာဇီ

စာရေးသူက ဂျာမနီပြည် နာဇီတွေနဲ့ပတ်သက်ပြီး အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတဲ့
စာအုပ်တွေ ဖတ်ကာ ဇာတ်လမ်းဆင်ရေးသားတဲ့ စာအုပ်ဖြစ်ပါတယ်။ ရည်ရွယ်ချက် ၂ ခု ထားရှိရာမှာ
ပထမအချက်က နာဇီဝါဒ လွှမ်းမိုးစဥ်ကစပြီး ဂျာမနီပြည်မှာ ယနေ့တိုင် နာဇီဂိုဏ်းဝင်မဟုတ်တဲ့
ဂျာမန်အမျိုးသားတွေကို အမျိုးသားချင်းပင် ဖြစ်လင့်ကစား မည်မျှညှဥ်းပန်းနှိပ်စက်နေသည်ကို
မြန်မာများ နားလည်စေချင်ပါသတဲ့။

ဒုတိယအချက်ကတော့ လွတ်လပ်ရေးအတွက် မြန်မာလူမျိုးတွေဟာ သခင်ပြောင်းလိုတဲ့ကိစ္စမျိုးနဲ့
သူတစ်ပါးကို အားကိုးမျှော်မှန်းနေမယ့်အစား မိမိတို့ကိုယ်တိုင် ကိုယ့်ထူးကိုယ်ချွန်နဲ့
ကြိုးပမ်းအားထုတ်စေချင်ပါသတဲ့။

ဝတ္ထုပါ ဇာတ်ကောင်တွေဟာ ဂျာမနီနာဇီဝါဒကို ဘယ်လိုတော်လှန်၊ ခုခံကြမယ်ဆိုတဲ့ စိတ်ကူးတွေနဲ့
ဂျာမနီနာဇီဆိုတာ မတော်လှန်လို့ မဖြစ်တဲ့ ကမ္ဘာ့ရန်သူတွေ ဖြစ်ကြောင်း စာရေးသူက ရေးပြပါတယ်။
နာဇီမျက်ကန်းမျိုးချစ်ဝါဒကို ရှုမုန်းတော်လှန်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင်
လှုံ့ဆော်နိုင်စွမ်းရှိတဲ့ စာအုပ်ပါ။

ISBN 9789997110824
NGN20
9 789997 110824
1,500.00KS

mgyoe.com

mgyoe.com

ကမ္ဘာ့ရန်သူ၊ ဒဂုန်ခင်ခင်လေး
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၁၇+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်။

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ကမ္ဘာ့ရန်သူ ဒဂုန်ခင်ခင်လေး

ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## ကမ္ဘာရန်သူ
## (၁၉၄၀ ခု၊ မတ်)
### အုပ်ရေ ၁၀၀၀၀၀၊ တန်ဖိုး - ၆ - ပဲ

ဆရာမကြီး ဒဂုန်ခင်ခင်လေးက ဂျာမနီပြည် နာဇီတွေနဲ့ ပတ်သက်ပြီး အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်တွေ ဖတ်ကာ ဇာတ်လမ်းဆင်ရေးသားတဲ့ စာအုပ်ဖြစ်ပါတယ်။ စာအုပ်ကို စာရေးသူ ရည်ရွယ်ချက် ၂ ခု ထားရှိထားပါသတဲ့...။ ပထမအချက်က နာဇီဝါဒ လွှမ်းမိုးစဉ်ကစပြီး ဂျာမနီပြည်မှာ ယနေ့တိုင် နာဇီဂိုဏ်းဝင်မဟုတ်တဲ့ ဂျာမန်အမျိုးသားတွေကို အမျိုးသားချင်းပင် ဖြစ်လင့်ကစားမည်မျှ ညှဥ်းပန်းနှိပ်စက်နေသည်ကို မြန်မာများနားလည်စေချင်ပါသတဲ့။

ဒုတိယအချက်ကတော့ လွတ်လပ်ရေးအတွက် မြန်မာလူမျိုးတွေဟာ သခင်ပြောင်းလိုတဲ့ကိစ္စမျိုးနဲ့ သူတစ်ပါးကို အားကိုးမျှော်မှန်း အားကိုးနေမယ့်အစား မိမိတို့ကိုယ်တိုင် ကိုယ့်ထူး

mgyoe.com

mgyoe.com



ကိုယ်ချွန်နဲ့ ကြိုးပမ်းအားထုတ်စေချင်ပါသတဲ့။

စာအုပ်ကို အခန်း (၇)ခန်း ခွဲခြားရေးသားထားတယ်။ ဇာတ်လမ်းက စာရေးဆရာ လူပျိုကြီး အက်ဒလာက နှမလေး ဆိုဖီနဲ့ နေထိုင်နေတယ်...။ နာဇီတွေက အစစအရာရာ ပိတ်ပင်တားမြစ်ထားလို့ အက်ဒလာမှာ လွတ်လပ်မှုမရှိတဲ့အတွက် ဘာစာမှ မရေးနိုင်ဘူး။ နှမလေး ဆိုဖီမှာလည်း ဆေးပညာသာ သင်ကြားထားပေမဲ့ နာဇီတွေက အမျိုးသမီးတွေကို ချိုးနှိမ်ထားလို့ ဘာအလုပ်မှမလုပ်ရဘဲ အိမ်တွင်းမှုအလုပ်တွေပဲ လုပ်နေကြရတယ်။ အက်ဒလာမှာ ဂိုးတလားဆိုတဲ့ ညီတစ်ယောက်လည်း ရှိသေးတယ်။ သူက အိမ်ထောင်သည်ဆိုတော့ အိမ်ခွဲနေတယ်။ ဂိုးတလားရဲ့ဇနီး ဖလေယာက နာဇီဝါဒကို လိုလားသူဖြစ်တယ်။ ဇနီးကြောင့် ဂိုးတလားဟာ ဂက်စတာပိုစုံထောက်သူလျှိုလည်း ဖြစ်နေတယ်။

သူတို့ ညီအစ်ကိုမှာ ဟာဇစ်ဆိုတဲ့သူငယ်ချင်းတစ်ဦး ရှိတယ်။ ပါမောက္ခတစ်ဦးပါပဲ...။ ဟာဇစ်နဲ့ ဆိုဖီက ချစ်သူတွေဖြစ်နေကြတယ်....။ လက်ထပ်ဖို့ ဆိုဖီက ယောက်မဖြစ်တဲ့ ဖလေယာကို အစ်ကိုတွေဆီ ခွင့်တောင်းပေးဖို့ ပြောတယ်။ အဲဒါနဲ့ ဆိုဖီနဲ့ဟာဇစ်တို့ လက်ထပ်ဖို့ ဖြစ်လာရော။ လက်ထပ်ဖို့ ပြင်ကြဆင်ကြ။ အဲဒီမှာ အက်ဒလာ၊ ဟာဇစ်နဲ့ ဆိုဖီတို့ စကားပြောဆိုနေကြတယ်။ ဟာဇစ်က "ဒီနာဇီတွေ လုပ်ပုံကို ကျွန်တော်ဖြင့် စိတ်ပျက်မိပါရဲ့ဗျာ" လို့ ပြောတဲ့စကားကို ဂိုးတလားနဲ့ ဖလေယာတို့ အိမ်ဝင်မယ်လုပ်တော့ ကြားသွားတယ်။

အဲဒီမှာ ဖလေယာက ဟာဇစ်ဟာ နာဇီတွေကို မလိုလားဘူး။ ဂက်စတာပိုကို တိုင်တန်းရမယ်ဆိုတာတွေ ဖြစ်လာရော။

mgyoe.com

mgyoe.com



နာဇီတွေ အောင်မြင်လွှမ်းမိုးဖို့ မလိုလားတဲ့သူအားလုံးကို ရှင်းလင်းရမယ်လို့ ဖလေယာက ယူဆတယ်။ ဂိုးတလားက ယောက်ဖလောင်းဖြစ်နေတာရော ဘာသိဘာသာနေလိုက်ချင်တယ်။ ဖလေယာက နာဇီဝါဒအောင်မြင်ဖို့အတွက် ဆွေမျိုးတွေ၊ ဘာတွေငဲ့ညှာနေစရာမလိုဘူး။ ရက်စက်မှ ကြေကွဲ...တဲ့။ တကယ်လို့... မတိုင်တန်းရင် ဂိုးတလားပါ သစ္စာဖောက်ဖြစ်နေမယ်။ ဒါနဲ့.... ဂိုးတလားက မင်္ဂလာဆောင်ပြီးမှ တိတ်တိတ်လေး ဖမ်းကြဖို့ သဘောတူပြီး ဂတ်စတာပိုကို တိုင်လိုက်ကြတယ်။

မင်္ဂလာဆောင်ပြီးတဲ့အခါမှာတော့ ဟာဇစ်ကိုဂတ်စတာပိုတွေ တိတ်တိတ်လေး ဖမ်းဆီးသွားတယ်။ ဆိုဖီတစ်ယောက်ရင်ကွဲနာကျရှာတာပေါ့...။ ဂိုးတလားကတော့ ဖလေယာရဲ့ကြိုးစားမှုနဲ့ ဂတ်စတာပို စုံထောက်ဘဝကနေ ထောင်ပိုင်ရာထူးကြီးထိ တိုးမြှင့်ခံလိုက်ရတယ်။ အကျဉ်းသားတွေ နှိပ်စက်ရင်းကနေ ဂိုးတလားရဲ့နှလုံးသားတွေ မာကျောလာတော့တယ်။ တစ်နေ့မှာ... ခေါင်းမာတဲ့ အကျဉ်းသားတစ်ဦးကို "ဟိုင်း... ဟစ်တလာ" လို့အော်ပြီး အသိအမှတ်ပြုခိုင်းတာကို မလုပ်လို့ သူကိုယ်တိုင် ဆူးလုံးကျာပွတ်နဲ့ဝင်ရိုက်တယ်။ အဲဒီအကျဉ်းသားဟာ သူငယ်ချင်း၊ ယောက်ဖ ဟာဇစ်ဖြစ်နေတယ်။ အဲဒီမှာ ဂိုးတလား.. စိတ်ပျက်သွားတယ်။ နောင်တ တရားတွေလည်း ရမိတယ်။

ဒါနဲ့ အစ်ကိုကြီး အက်ဒလာဆီ ရောက်သွားတယ်။ ဆိုဖီကတော့ အိပ်ရာထဲမှာ လဲနေတော့တယ်။ ဂိုးတလားက ဟာဇစ်ကို ခေါ်ပြီး ဘယ်လဂျီယံနိုင်ငံထဲ ထွက်ပြေးဖို့ ကြိုးစားပါတော့တယ်။ အစ်ကိုကြီး အက်ဒလာ၊ ဟာဇစ်၊ ဆိုဖီနဲ့ သူတို့.....ချောချောမောမော ထွက်ပြေးနိုင်ခဲ့တယ်။ ဖလေယာကိုတော့ လင်တစ်ယောက်လုံး

mgyoe.com

mgyoe.com



ပျောက်ဆုံးသွားတာ မသိရကောင်းလားဆိုပြီး ဂတ်စတာပိုတွေက ဖမ်းဆီးပြီး နှိပ်စက်တော့တာပါပဲ။

ဘယ်လဂျီယံနိုင်ငံမှ အက်ဒလာရဲ့မိတ်ဆွေ ဂျော့ဖားအိမ်မှာတော့ ဂိုးတလားတို့တစ်တွေ ဂျာမနီ နာဇီဝါဒကို ဘယ်လိုတော်လှန်၊ ခုခံကြမယ်ဆိုတဲ့ စိတ်ကူးတွေ ပြောနေကြလေရဲ့...။ ဂျာမနီ နာဇီကို မတော်လှန်လို့ မဖြစ်တော့ပါဘူး...။ ဘာလို့လဲဆိုတော့ နာဇီတွေဟာ "ကမ္ဘာ့ရန်သူ" ဖြစ်နေလို့ပါပဲ...။

ဆရာမကြီး ဒဂုန်ခင်ခင်လေးရဲ့ ကမ္ဘာ့ရန်သူ စာအုပ်ဟာ နာဇီမျက်ကန်းမျိုးချစ်ဝါဒကို ရွံမုန်းတော်လှန်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်နိုင်စွမ်းရှိတဲ့ စာအုပ်လို့ ဆိုချင်ပါတယ်။

❐

mgyoe.com

mgyoe.com

# ရည်ရွယ်ချက်

ဤဝတ္ထုကို ရေးသားရာ၌ ရည်ရွယ်ချက် နှစ်ခုရှိပါသည်။ ပထမရည်ရွယ်ချက်မှာ ဂျာမနီပြည်တွင် နာဇီဝါဒလွှမ်းမိုးသည့်နေ့ကစ၍ ယနေ့တိုင်အောင် ဂျာမနီအမျိုးသားချင်းပင် ဖြစ်လင့်ကစား နာဇီဂိုဏ်းဝင် မဟုတ်သော ဂျာမနီလူမျိုးတို့မှာ မည်သို့သော ညှဉ်းပန်းနှိပ်စက်ခြင်း အမှုတို့နှင့် ရင်ဆိုင်တွေ့ကြုံနေရသည်ကို မြန်မာများ ကွင်းကွင်းကွက်ကွက် နားလည်စိမ့်သောငှာ ဖော်ပြလို၍ ဖြစ်ပါသည်။

ဒုတိယရည်ရွယ်ချက်မှာ လွတ်လပ်ရေးကို လိုလားတောင့်တနေကြသော မြန်မာလူမျိုးများသည် သခင်ပြောင်းလိုသော ကိစ္စမျိုးဖြင့်၊ သူတထူးကို အားကိုး၍ ကောင်းနိုးနိုးရော်ရမ်း မှန်းဆကာ အလဟဿ အချိန်မကုန်ကြစေဘဲ၊ မိမိတို့လိုလားသော လွတ်လပ်ရေးကို မိမိတို့ဘာသာ ကိုယ်ထူးကိုယ်ချွန် ကြိုးပမ်းအားထုတ်ကြစေလို၍ပင် ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

နာဇီဝါဒ၏ အကောင်းအဆိုး အကျိုးအပြစ်ကို စာဖတ်သူတို့ ကိုယ်ပိုင်ဉာဏ်နှင့် စိစစ်နိုင်စေရန်အတွက် ဤဝတ္ထုကို ဓာတ်လမ်းဓာတ်ကွက်ဆင်ကာ ရေးသားဖော်ပြရာ၌ (One man against Europe, By Konrad Heiden) (Hitler, By Gordon Taylor) (What Hitler Wants By E.O Lorimer) (My Struggle, By Hitler) (I was Hitler's Prisoner, By Steen Lorant)(ဟစ်တလာလုပ်ခဲ့သမျှ နဂါးနီတိုက်ထုတ်) (Mortal Storm, By Phyllis Bottom) (Treatment of German Nationals) စသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို ကိုးကား၍ရေးသားလိုက်ရပါသည်။ ကောင်းစွာဆင်ခြင်သုံးသပ်၍ ဖတ်ရှုနိုင်ကြပါစေသတည်း။

❐

mgyoe.com

mgyoe.com

# အခန်း [ ၁ ]

မြစိမ်းရောင်ကမ္ဗလာကို ဖြန့်ကြက်ထားသကဲ့သို့ စိမ်းလန်းစိုပြည် ရွှန်းရွှန်းဝေသော မြက်ခင်းကလေးသည် တည်ရှိ၏။

ထိုမြက်ခင်းကလေးပေါ်တွင် ရွှေပေါ်မြတင်အလား လှပခန့်ညား သော နေအိမ်ကြီးတစ်ခုမှာ ပြာသာဒ်ကြီးများ ပမာခက်လက်ဝေဖြာ သန့်စွမ်းစွာပေါက်ပွားနေကြသော ထင်းရှူးတောကလေးနှင့် ပြာလဲ့လဲ့ အဆင်းရှိသော မိုးကောင်းကင် တိမ်သားကြီးကို ကျောထောက်နောက်ခံ ပြုလုပ်လျက် ငြိမ်သက်တိတ်ဆိတ်စွာ တည်ရှိလေသည်။ ထိုအိမ်ကြီး၏ တည်ရာဌာနကား ဂျာမနီပြည် မြူနစ်မြို့ ဆင်ခြေဖုံးအရပ်ဖြစ်လေရာ စိတ်အေးလက်အေးနှင့် ကုပ်ကုပ်ကလေး နေတတ်သူများသာ နေထိုင်ရာ ဖြစ်မည်ထင်ရသော အဆိုပါအိမ်ကြီး၏ ခြံဝင်းတံခါးဝတွင် အက်ဒလား စာရေးဆရာဟူသော ကြေးပြားဆိုင်းဘုတ်ကလေးကို ထောက်ရှုခြင်းအား ဖြင့် ထိုအိမ်ကြီးတွင် နေထိုင်သူမှာ စာရေးဆရာကြီးတစ်ဦးဟု သိနိုင် ရာသည်။ ကြည်လင်သန့်ရှင်းသော မှန်ပြတင်းကလေးများကို

mgyoe.com

mgyoe.com


ဖွင့်လှစ်ထားခြင်းဖြင့် လေသလပ်တိုင်း တဖျပ်ဖျပ်လှုပ်ရှားနေသော ပါး လွှာဖြူဖွေးသည့် ဇာခန်းဆီးကလေးများကို ထောက်ရှုခြင်းအားဖြင့် လည်း အိမ်သူအိမ်သားများရှိနေကြောင်းကို သိသာနိုင်လေ၏။ အိမ်အတွင်းရှိ ဧည့်ခန်းအလယ်တွင် အသက်အရွယ် သုံးဆယ်ကျော်ခန့်ရှိ ဂျာမန်အမျိုး သားတစ်ဦးဖြစ်သူ စာရေးဆရာ အက်ဒလားမှာ ဆိုဖာတစ်ခုပေါ်တွင် ပက်လက်လှန်ကာ ဆေးတံကိုဖွာရင်း သတင်းစာများကို စိတ်မပါ့တပါ ဖတ်နေရာမှ မိမိဖတ်နေရသော သတင်းစာတစ်စောင်လုံးမှာလည်း အာဏာရှင်ဟစ်တလာ၏နေရှင်နယ်ဆိုရှယ်လစ်ခေါ် နာဇီဝါဒစာလုံးတွေ ကိုသာ မိုးမဆုံးမြေမဆုံး တွေ့နေရသောကြောင့် ငြီးငွေ့လာတော့သည်နှင့် သတင်းစာကို ဘေးသို့ဖယ်ချကာ ရေဒီယိုအနီးသို့လာ၍ အသံဖွင့်ကာ နားထောင်မိပြန်လေသည်။

ရေဒီယိုမှာလည်း အသံကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် စူးရှ ထက်မြက်သော နာဇီအဖွဲ့လက်ချာပေးသံကိုသာ ရှေးဦးစွာ ကြားရလေ ၏။ ၁၉၃၃ ခုနှစ် နာဇီအစိုးရတက်လာသည့် အချိန်အခါကစ၍ ယခု ရောက်နေဆဲဖြစ်သော ၁၉၃၉ ခုနှစ်တိုင်အောင် ဉာဉ်တလဲလဲ၊ ဖွတလဲလဲ ကြိမ်းဝါးမာန်မဲအံသွားခဲ့၍ အမြဲလေးကြိမ်းကြိမ်းနေသော အာဏာရှင် ဟစ်တလာ၏အသံကိုလည်းကောင်း၊ သူ၏ ရဲဘော်ကြီးများဖြစ်သူ ဂက်စတာပိုးပုလိပ်စုံထောက်အဖွဲ့ကြီး၏ ခေါင်းဆောင်ဟင်မလာနှင့် တကွ ဂိုးဘယ်ဂိုးရင်းစသော လူတစ်စုတို့၏ အာပေါင်နီလေသံတို့ကို လည်းကောင်း၊ အထပ်ထပ်အခါခါ ကြားနေရသည်မှာလည်း နားကွဲလုနီး မျှ ရှိခဲ့ပြီဖြစ်၏။ စိတ်မဝင်စားနိုင်အောင် ရှိတော့သည်။

နိုင်ငံခြားသတင်းကလေးများနှင့် ကမ္ဘာ့သတင်းကလေးများကို ကြားလိုသိလိုသော်လည်း ကျပ်တည်းစွာ ပိတ်ပင်တားဆီးထားရုံမက တိတ်တဆိတ်ခိုး၍ နားထောင်လျှင်ပင် သေဒဏ်စီရင်မည်ဟူသော

mgyoe.com

mgyoe.com


အစိုးရအမိန့်ကြောင့် ဘယ်အခါမျှမကြားရဘဲ နေခဲ့ရသည်မှာ အတော်ကြာလေပြီ။ စာရေးဆရာပီပီ ကျယ်လွင်လွတ်လပ်ခဲ့သော အက်ဒလား၏ စိတ်များမှာ ကျပ်တည်းကျဉ်းမြောင်းသော ဥမင်လိုဏ်ခေါင်းတွင် အောင်းနေရသလို ထင်မှတ်လာပြီး နားငြီးစရာအသံကျယ်စွာနှင့် ဆူနေသော ရေဒီယိုကို ပိတ်ကာ တစ်ဖက်အခန်းသို့ အမှတ်မထင် လျှောက်လာခဲ့လေသည်။

စာရေးဆရာ လူပျိုကြီး အက်ဒလားကိုယ်တိုင် ယုယပိုက်ထွေး ငယ်စဉ်က မွေးခဲ့ရသော မိဘမဲ့ရှာသူ ညီမချစ်ကလေး ဆိုဖီသည် အိမ်မှုကိစ္စအဝဝကို စီမံလုပ်ကိုင်ရသူဖြစ်သည့် အားလျော်စွာ ဒင်နာရွန်းခေါ် ထမင်းစားခန်းတွင် လှပသော ပန်းစိုက်အိုးကလေးများ ပြင်ဆင်နေရှာသည်ကို တွေ့မြင်ရလေသည်။

ဆိုဖီကား လှပနုနယ်ပျိုရွယ်သူကလေး ဖြစ်သည့်အားလျော်စွာ သီချင်းကလေး တအေးအေးနှင့် ပန်းပွင့်ကလေးများကို ရွေးချယ်နေသောကြောင့် အစ်ကိုကြီးအက်ဒလား မိမိနောက်တွင် ရောက်လာသည်ကို မသိရှာချေ။ အက်ဒလားသည် ဘောင်းဘီအိတ်ကို စုံနှိုက်ကာ ဆိုဖီကို ကြင်နာစွာစိုက်ကြည့်နေမိသည်။ အက်ဒလား၏ မျက်စိထဲမှာ ဆိုဖီအား ဆေးတိုက်ပိုင်ရှင် ဆရာမကြီး တစ်ဦးအဖြစ်နှင့် မမြင်ရဘဲ အိမ်ခန်းထဲတွင် သိုလှောင်ကာ အိမ်မှုတာဝန်ရွက်ဆောင်နေရရှာသော အိမ်စေခံမကလေး အဖြစ်မျိုးကို မမြင်ချင်၊ မကြည့်ချင်သော်လည်း မိန်းမများကို ယောကျ်ားနှင့်တန်းတူ အခွင့်အရေးပေးရန်မလို၊ မိန်းမဆိုသမျှ လင်ယူရမည်။ သားသမီးတွေ များများမွေးပေးရမည်။ အိမ်တွင်းမှုအလုပ်၊ အိမ်သူအလုပ်နှင့်သာ ကုပ်၍နေရမည်ဟူသော ဟစ်တလာ၏ ဖိနှိပ်ချုပ်ချယ်ခြင်းဖြင့် ဆိုဖီအား ငယ်စဉ်က ဆေးကျောင်းတွင် ပညာသင်ကြားပေးထားခဲ့ရသည့် ဆေးအတတ်ပညာများကို ထိုက်သည့်အားလျော်စွာ အသုံးမပြုရရှာတော့

mgyoe.com

mgyoe.com


ဘဲ အိမ်ထဲတွင် ဓာတ်မြှုပ်၍ထားခဲ့ရသည်များကို စဉ်းစားမိသောအခါ အက်ဒလားမှာ ဂျာမနီတစ်ပြည်လုံးရှိ ပညာတတ်အမျိုးသမီးကလေးများအတွက်နှင့်တကွ ညီမချစ်ကလေး၏ ပညာကလေးကိုပါ အညွန့်အစတုံးအောင် ပြည်ဖုံးအုပ်ထားရသည့် ဟစ်တလာ၏ဝါဒကို သဘောမကျနိုင်အောင် ဖြစ်မိလေတော့သည်။ သို့ရာတွင် ယခု အချိန်အခါ၌ အာဏာရှင် နှင့်တကွ သူ၏ဝါဒကို မကြည်ညိုမနှစ်သက်ကြောင်း အရိပ်အမြွက် ကလေးမျှပင် ပြောဝံ့မည်ဝေးစွ၊ ကိုယ်အမူအရာနှင့်သော်မှ မပြဝံ့အောင် ကြောက်နေရသောအခါမျိုး ဖြစ်ရကား အက်ဒလားမှာ စိတ်တွင်းက စဉ်းစားမိရုံသာအစ သက်ပြင်းချရုံက အဆုံးနှင့် နိဂုံးချုပ်ရရှာတော့၏။

"ဟော.... အစ်ကိုကြီးပါလား၊ ဆိုဖီ ပန်းတွေ ပြင်ထားတာ မလှဘူးလား"

"အေး.... လှပါတယ်ကွယ်။ ဟောဒီ တောနှင်းဆီပွင့်ကလေးတွေဟာ အိမ်ခြံဘေးမှာ ဆိုဖီ စိုက်ထားတဲ့အပင်က ပွင့်တာလား"

"ဟုတ်တယ်လေ၊ ဆိုဖီ စိုက်တဲ့အပင်က ပွင့်တာပဲ။ ဒီနေ့ အစ်ကိုလေးနဲ့ ဖလေယာတို့လင်မယားလည်း ဟာဇစ်နဲ့အတူတူ လက်ဖက်ရည်သောက်ရအောင် လာကြမယ်ဆိုလို့ စားပွဲမှာ စပါယ်ရှယ်အလှပြင်ရအောင် ခူးလိုက်တယ်"

အက်ဒလားသည် ညီမငယ်ဆိုဖီ စိတ်ထက်သန်စွာ ပြင်ဆင်နေသော အကြောင်းရင်းကိုသိသဖြင့် စိတ်တွင်းက ပြုံးမိ၏။ မိမိ၏ချစ်စနိုးလှသော ညီမငယ်ကလေးအပေါ်တွင် ချစ်ခင်အလိုလိုက်ခဲ့သည့်အားလျော်စွာ ဆိုဖီအတွက် မည်သည့်အခါကမျှ စိတ်အနှောင့်အယှက်မပေးခဲ့ပေ။ အချိန်အရွယ်ရောက်လာလျှင် ဓမ္မတာထုံးစံအတိုင်း အစ်ကိုကြီးက အဖအရာဆိုသကဲ့သို့ အစစအုပ်ထိန်းခဲ့ရသူဖြစ်သောကြောင့်

mgyoe.com

mgyoe.com


လွန်ခဲ့သောသုံးလေးနှစ်ဆီက ညီအလတ်ဖြစ်သူ ဘဏ်တိုက် မန်နေဂျာ ဂိုဘလားကိုလည်း သူနှင့် ချစ်ခင်ကြိုက်နှစ်သက်သော ဖလေယာ ဆိုသည့် မိန်းမပျိုတစ်ဦးနှင့် လက်ထပ်ပြီး အိုးအိမ်တသီးတခြားနှင့် နေရာချထား ပေးလိုက်ရဖူးသည်။ ယခုလည်း ညီမငယ်ဆိုဖီမှာ ဟာဇစ်ခေါ်သော ပရော်ဖက်ဆာကလေးတစ်ဦးနှင့် အကျွမ်းတဝင်ချစ်ခင်စုံမက်လျက်ရှိ သည်ကို သိနေရသောကြောင့်၊ ဟာဇစ်မှာလည်း အခြားသူမဟုတ် မိမိတို့ ညီအစ်ကိုနှင့် ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်း....။ များစွာချစ်ခင် ခဲ့သူများ ဖြစ်ခဲ့ဖူးရာမှ ယခုကဲ့သို့ ကျောင်းက ထွက်၍ အလုပ်အကိုင်ကြီး တွေ ကိုယ်စီနှင့် ပြန်လည်တွေ့ဆုံကြရသောအခါလည်း များစွာချစ်ခင်၍ တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်စားသောက်ကာ ရင်းနှီးရောဝင်စွာ နေလာကြသူချင်းဖြစ်၍ ညီမလေးဆိုဖီနှင့် ချစ်ကြိုက်နေမှန်း သိကြစေ ကာမူ အစ်ကိုနှစ်ဦးမှာ ကျေကျေနပ်နပ်ကြီး အခွင့်အရေးပေးထားကြလေ သည်။ ထို့ကြောင့် အက်ဒလားက ပြုံးကာ....။

"သြော်.... ဂိုဘလားနဲ့ ဖလေယာတို့ လာမယ်တဲ့လား။ ဟာဇစ်က တော့ ညနေမှ လာနိုင်မယ်ထင်တယ်။ သူက ညနေမှ အလုပ်အားတာပဲ"

"ဟုတ်တယ်။ အကိုလေးတို့ကတော့ စောစောလာမှာပဲ။ ခုနေ ဒီလာဖို့အတွက် သူ့မိန်းမ အဝတ်လဲတဲ့အနားမှာ အရိပ်ကြည့်နေပြီလား မပြောတတ်ဘူး။ ဒါထက် အကိုကြီးရယ်.... အကိုလေးဂိုဘလားနဲ့ ဖလေ ယာတို့ကြည့်ရတာ သိပ်ပျော်ကြမှာပဲနော်။ ချစ်လည်း အတော်ချစ်ကြ တယ်။ နှစ်ယောက်ဟာ ဘယ်အခါမှမခွဲဘူးနော် အစ်ကိုကြီး"

"အေး... အတော် ချစ်ကြတာပဲ။ အစ်ကိုကြီးလည်း မြင်ပါရဲ့ လင်နဲ့မယား အဲဒီလိုချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေကြမှ မြင်ရတဲ့ လူတွေလည်း စိတ်ချမ်းသာ၊ သူတို့မှာလည်း ပျော်ပျော်ရွှင်ရွှင်ရှိကြတာ ကလား။ ဟော... ပြောရင်းဆိုရင်း အိမ်ရှေ့က ကားသံကြားတယ်။ လာ

mgyoe.com

mgyoe.com


များ လာကြပလား"

ဆိုဖီသည် အိမ်ရှေ့ဆီသို့ ခေါင်းကလေးငဲ့ကာ ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် လှပစွာဝတ်စားဆင်ယင်ထားသော ဇနီးသည် ဖလေယာကို လက်တွဲကာ ဘဏ်တိုက်မန်နေဂျာကလေး ဂိုဘလားတို့ ပြုံးရွှင်ကြည်လင်သော မျက်နှာနှင့် ဝင်လာကြသဖြင့် ဆိုဖီကလည်း "ဟော... အစ်ကိုကြီးရေ အကိုလေးတို့ လာကြပြီ" ဟု အားရဝမ်းသာ လှမ်းပြောလိုက်ကာ သူ့အစ်ကိုလေးနှင့် ယောက်မတို့ကို ပြေးကာ ကြိုဆိုလျှင် ဂိုဘလားနှင့် ဖလေယာတို့ကလည်း ချစ်မငြီးသော ညီမ ကလေးအား အားရဝမ်းသာ ဆီးဖက်နှုတ်ဆက်ကြလေ၏။ ဆိုဖီသည် လှပစွာ ဝတ်ဆင်ထားသော ဖလေယာကို အရိပ်ကြည့်ကာ နှစ်သိမ့် ကျေနပ်သော မျက်နှာကလေးဖြင့်....

"မမရယ်.... ဒီနေ့ မီးခိုးရောင်အဝတ်ကလေးနဲ့ မမသိပ်ကြည့်လှတာ ပဲ" ဟု ပြောလေသည်။ ဖလေယာမှာ ဆိုဖီ၏ပခုံးကလေးကို ဖက်ကာ "ညီမလေးက မမကိုချစ်လို့ ထင်တာပါပဲကွယ်" ဟုဆိုကာ ဧည့်ခန်းသို့ လျှောက်လာကြသည်။ အစ်ကိုနှစ်ယောက်မှာ ဖလေယာနှင့် ဆိုဖီတို့ သမီးယောက်မ ချစ်ခင်ယုယစွာ နှုတ်ဆက် ပြောဆိုနေကြသည်ကို ပြုံးရွှင် ကြည်လင်စွာ အရိပ်ကြည့်ကာနေကြရင်း ညီအစ်ကို မောင်နှမသားချင်း တစ်စုတို့ ပျော်ပျော်ပါးပါး ရယ်လားမောလား စကားဆက်လက် ပြောဆို နေကြလေ၏။

ဂိုဘလားသည် ညီမလေးဆိုဖီအား အစ်ကိုကြီးအက်ဒလားကဲ့သို့ ပင် ချစ်ခင်အလိုလိုက်ခဲ့၏။ များစွာလည်း အရေးပေး၏။ ဆိုဖီနှင့် ဖလေယာတို့မှာလည်း များစွာချစ်ခင်ကြသည်။ ဆိုဖီသည် အစ်ကိုများနှင့် သာ နေခဲ့ရရှာသူဖြစ်ခြင်းကြောင့် ဖလေယာနှင့် တွေ့ကြသောအခါ အစ်မ ရင်းနှင့်မခြား များစွာ ချစ်ခင်ကြည်ဖြူရှာသည်။ ဖလေယာ လှလှပပ

mgyoe.com

mgyoe.com


ဝတ်စားဆင်ပြင်ထားတိုင်း အရိပ်တကြည့်ကြည့်နှင့် ပီတိဖြစ်ကာ လုပကြောင်း အမြဲပင်ချီးကျူးမိရှာသည်။ ညီမငယ်ကလေးပမာ တီတီတာတာနှင့် ခရာတတ်သော ပါးစပ်ကလေးကြောင့်လည်း ဖလေယာမှာ ဆိုဖီအား မိမိညီမရင်းကလေးပမာ ခင်မင်ကာနေခဲ့သည်။ သူ့လင် ဂိုဘလား အလိုလိုက်သလောက်၊ အရေးယူ ကြည်ဖြူသလောက်ပင် ဆိုဖီကို ချစ်ခင်ကြည်ဖြူခဲ့လေသည်။ သို့သော် တစ်ခါတစ်ရံမူကား ဂိုဘလားက အရေးယူလွန်းအားကြီးနေသည်ကို တွေ့မြင်ရသောအခါ ဂိုဘလားသည် မိမိထက် သူ၏ညီမကလေးကိုများ ပိုမိုချစ်ခင်နေသလားဟု အထင်မှားမိသည်။ သို့ရာတွင် ဂိုဘလားမှာ ဖလေယာအားလည်း အထူးကြင်နာလေးစားခဲ့ခြင်းဖြင့် ဖလေယာ၏ မှားယွင်းအုံ့ဆဲဆဲ အထင်အမြင်ကို ပြုပြင်ကာ စိတ်ကောင်း ဝင်စေသကဲ့သို့ ရှိလေ၏။

"ဒါထက် အစ်ကိုကြီး ဟာဇစ်တစ်ယောက်ကော မလာသေးဘူးလား"

"အေး... သူလာမယ်လို့ ပြောတယ်။ လာမှာပေါ့ကွယ်။ စောသေးလို့ပါ။"

"သူလာရင် ကျွန်တော်တို့ ပျော်ပျော်ပါးပါး ကက်စီနို ကစားမယ်နော် အစ်ကိုကြီး။ ဒါထက် ဆိုဖီရေ..."

"ဘာလဲ အစ်ကိုလေး"

"အစ်ကိုလေးတို့စားဖို့ ဘာတွေများ ပြင်ထားသလဲဟေ့..."

"အို... အစုံပဲ အစ်ကိုလေးဖို့ရော၊ မမဖို့ရော၊ ဟာဇစ်ဖို့ရော၊ ဆိုဖီ ကိုယ်တိုင် စားစရာတွေ အများကြီးပြင်ထားတယ်"

"ဟုတ်တယ်ဟေ့... ဂိုဘလား၊ မင်းတို့လာမယ်ဆိုလို့ ငါ့ညီမလေး တစ်နေ့လုံး အလုပ်များနေရှာတယ်" ဟု အစ်ကိုကြီး အက်ဒလားက ဝင်၍ပြောသည်။ ဆိုဖီသည် တစ်စုံတစ်ရာ သတိရသည့်ပမာ ဖလေယာ၏

mgyoe.com

mgyoe.com


လက်ကို ဆွဲခေါ်ကာ "မမရေ... ဒီမှာ လာကြည့်စမ်းပါဦး။ မမနဲ့ ကျွန်မနဲ့ အတူတူ စိုက်ထားတဲ့ နှင်းဆီပင်ကလေးတွေဟာလေ ပွင့်နေပြီ မမရဲ့။ ဒီနေ့ မမတို့ လက်ဖက်ရည်သောက် လာမယ်ဆိုတာနဲ့ စားပွဲပေါ်မှာ အလှစိုက်ဖို့ ဆိုဖီခူးလိုက်တယ်။ မမ အဲဒီ တောနှင်းဆီ နံ့ကလေးကို သိပ်ကြိုက်တယ်ဆို" ဟုပြောကာ ထမင်းစားခန်းဆီသို့ လာခဲ့လျှင် ဖလေယာလည်း ဆိုဖီနှင့်အတူ ပါလာခဲ့လေသည်။

"ကြည့်စမ်း မမ၊ သိပ်လှတာပဲနော်"

"အေးကွယ်၊ သိပ်လှတာပဲ။"

"ရော့လေ၊ မမ ရင်ဘတ်မှာ တစ်ပွင့်ထိုးထား။ ဒီတစ်ပွင့်ကတော့" ဟု ဆိုကာ ဆိုဖီသည် ပြုံးလေ၏။ ဖလေယာကလည်း ပြန်ပြုံးကာ

"အင်း... ပြောပါဦး။ ဒီတစ်ပွင့်ကတော့ ဘယ်သူ့ရင်ဘတ်ကို ထိုးပေးမှာလဲ ပြောစမ်းပါ"

"အို... မမကလည်း အသိသားနဲ့"

"ဟာဇစ်လား..."

"ဟုတ်ကဲ့၊ သူ့ဖို့ ဆိုပါတော့..."

"ဟာဇစ်က လူချောကလေးဆိုတော့ ဒီပန်းပွင့်ကလေး ရင်ဘတ်မှာ ထိုးပေးလိုက်ရင် ပိုပြီး ချောသွားမှာပဲ။ အဲဒီတော့မှ တခြားအပျိုတွေ့တိုင်း ပိုးလို့ အကျိုးနည်းသွားပါဦးမယ်ကွယ်"

"ဒီလို မဟုတ်နိုင်ပါဘူး မမရယ်။ ဟာဇစ်က လူရိုးလူကောင်းကလေးပါ"

"မမက အလကား ကျီစားတာပါကွာ။ ဟာဇစ်ဟာ လူရိုးလူအေး၊ သဘောကောင်းကလေးမို့ မမကလည်း ညီမကလေးနဲ့ အားကြီးသဘောတူတာပဲ။ ညီမလေးကိုချစ်သလို သူ့ကိုလည်း ချစ်ပါတယ်တဲ့။ ပရော်ဖက်ဆာကတော်လောင်းကလေးရဲ့"

mgyoe.com

mgyoe.com


"အို... မမကလည်း"

"နို့ မဟုတ်ဘူးလားကွယ်။ မမ ခေါ်တာ မှားသလား။ ဒါထက် ငါ့ညီမကလေးကလည်း လှလှ၊ ဟာဇစ် ကလည်း လူရည်ချောချော။ အို... ပြောစရာမရှိအောင် ရှေ့သွားနောက်လိုက် ညီမှာကွဲ။ မမတော့ ညီမလေးတို့ မြန်မြန်ကိစ္စပြီးတာ မြင်ချင်နေတာပဲ"

ဆိုဖီသည် ဘာမှမပြောဘဲ အနည်းငယ် တွေဝေစဉ်းစားနေပြီးမှ တစ်စုံတစ်ရာ တိုင်ပင်ပြောဆိုလိုဟန်နှင့် "မမ" ဟု တစ်ခွန်းတည်းစ၍ ခေါ်လိုက်လေသည်။

"ဘာလဲ ညီမလေး... ဘာပြောမလို့လဲ"

"ဆိုဖီတော့ အမေလည်းမရှိဘူး။ ဒီအစ်ကိုတွေနဲ့သာ နေလာရတာ။ အခု မမနဲ့တွေ့မှ အစ်မကြီးတစ်ယောက် ရပြီဆိုပြီး အစစ အားကိုးတကြီးနဲ့ ချစ်ခင်နေရတယ်ဆိုတာ မမလည်း သိသားပဲ။ ဒီတော့ ကျွန်မနဲ့ ဟာဇစ်တို့ကိစ္စ မြန်မြန်နေရာကျသွားအောင် မမက အစ်ကိုလေးနဲ့ အစ်ကိုကြီးတို့ကိုပြောပါ။ ဟာဇစ်ကလည်း အစ်ကိုကြီးကို ပြောချင်လှပြီ။ ဒါပေမဲ့ သိပ်ချစ်နေကြတဲ့သူငယ်ချင်းချင်းမို့ သူတို့အရိပ်အကဲကို စောင့်ကြည့်နေရတယ်။ အစ်ကိုကြီးတို့ကလည်း ဘယ်နည်းနဲ့မဆို ကြည်ဖြူမှာတော့ အမှန်ပါပဲ။ ဒါကြောင့် မမက နည်းနည်းပါးပါး ကူညီပေးဖို့ တောင်းပန်ပါတယ်။ ဒီနေ့များ စကားစပ်မိလို့ ကျွန်မတို့ကိစ္စ မြန်မြန်ပြီးသွားအောင်ပြောနိုင်မယ်ဆိုရင် ညီမလေးတို့က မမကို အများကြီးကျေးဇူးတင်မှာပေါ့"

"အို... စိတ်ချ။ မမ ကူညီပြောပေးမယ်။ အိုကွယ်... ဒီကနေ့ အချိန်သင့်လို့ အခွင့်သာရင် ဟာဇစ်ပြောရဲအောင် မမကပဲ ဝင်တွန်းပေးလိုက်မယ် ဟုတ်လား"

"ဒီလိုဆိုရင် ဟာဇစ်ကလည်း မမကို အများကြီးကျေးဇူးတင်မှာ

mgyoe.com

mgyoe.com


ပါပဲ မမရယ်။ မမဟာ ဆိုဖီကို အားကြီးချစ်တယ်နော်။ ဒါကြောင့် ဆိုဖီကလည်း မမကိုချစ်တာ”ဟု ဆိုကာ ကလေးငယ်အလား ဖလေယာကို ဖက်ကာ နမ်းလေတော့သည်။ ဖလေယာကလည်း ဆိုဖီ၏ နီထွေးထွေး ဆံပင်ကောက်ကလေးကို သပ်ကာ ယုယကြင်နာသော အမှတ်လက္ခဏာကိုပြလျက် အခန်းတွင်း မိန်းမချင်းဆိုင်ရာ အဝတ်အစားအလှအပ အဆန်းအပြားအကြောင်းများ ဆက်လက်ပြောဆိုကာ နေကြလေသည်။

အတွင်းခန်း၌ ဆိုဖီနှင့် ဖလေယာတို့ စကားကောင်းနေကြသလောက်၊ ညှော့ခန်းတွင် နှစ်ယောက်သား ကျန်ရစ်သော အက်ဒလားနှင့် ဂိုဘလားတို့သည် အတွင်းရေးစကားများ နှီးနှောလျက် ရှိကြလေသည်။

“ဟော့... ညီလေး၊ မင်းလည်း ဟိုအဖွဲ့ထဲရောက်မှ တော်တော် အလုပ်များနေပြီထင်တယ်”

“ဝတ္တရားအတိုင်းပေါ့ အစ်ကိုကြီးရာ။ ကျွန်တော်လည်း အစက တော့ တယ်ပြီး စိတ်ပါလှတယ်မဟုတ်ပါဘူး။ ဖလေယာကလည်း ဒီအဖွဲ့ ထဲမှာ အတော်ကလေး အရေးပါအရာရောက်နေတော့ ကျွန်တော်ကလည်း သူ့လင်ဖြစ်လာတဲ့အတွက် ဟင်မလာရဲ့လက်အောက် ဝင်ရောက်အမှုထမ်း လိုက်ရတာပဲ။ မယားကိုလည်း ချစ်သေးတာကိုး အစ်ကိုကြီးရဲ့။ သူကလည်း အမြဲပဲ ဒီအဖွဲ့ကိုဝင်ဖို့ တိုက်တွန်းနေတော့ သူ့စိတ်ကြိုက် အတိုင်း ဖြစ်ရတယ်ဆိုပါတော့”

“အေးကွယ်၊ ဒီအဖွဲ့ကို ရောက်ရင်တော့ တာဝန်ရှိသလောက် ကျေပွန်အောင် အမှုထမ်းရတဲ့ စည်းကမ်းရှိတယ် မဟုတ်လား။ အမှား အယွင်းမရှိစေနဲ့။ ကိုကြီးကတော့ ညီအစ်ကိုချင်းမို့ သတိပေးရတာပဲ”

“ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ် အစ်ကိုကြီး”

“ဒါနဲ့ မင်းတို့ဘဏ်တိုက်က အလုပ်များရော.... တော်တော်နေရာကျရဲ့လား”

mgyoe.com

mgyoe.com


"နေရာကျပါတယ်။ ဒီနှစ်ဆိုရင် အမြတ်တွေလည်း အတော်များတယ်။ ကျွန်တော်ကစပြီး အားလုံးအလုပ်သမားများလည်း လခတိုးကြပြီ"

"အေး... ကောင်းပါလေရဲ့ကွယ်"

ထိုသို့ ပြောဆိုနေကြစဉ် အရွယ်သင့် လူရည်သန့်သန့်တစ်ယောက်ဝင်လာလေ၏။ ဂိုဘလားက ဝမ်းသာအားရနှင့်...

"အို... ဟာဇစ်ရောက်လာပြီလား။ လာလာ သူငယ်ချင်း.... မင်းကိုမျှော်နေကြတာပဲ။ ဟော့... ဆိုဖိတို့၊ ဖလေယာတို့ရေ... ဒီမှာ ဟာဇစ်ရောက်လာပြီဟော့..." ဟု ခရီးဦးကြိုပြုကာ အိပ်ခန်းထဲသို့လည်း လှမ်း၍သတင်းပေးလိုက်လေသည်။ ဟာဇစ်လည်း အနီးရှိ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ "အလုပ်က ဆင်းဆင်းချင်း ဒီကိုတန်းလာခဲ့တာပဲ သူငယ်ချင်း။ မင်းတို့ ရောက်နေတာရော အတော်ကြာပြီလား" ဟု ပြောလေ၏။ အစ်ကိုကြီး အက်ဒလားကလည်း.....

"အေးကွာ...၊ ငါ့ညီကလည်း လာလာချင်း မင်းကို မေးတာပဲ။ သူက မင်းနဲ့ ဖဲချမလို့တဲ့ကွဲ့။ သူ့အိတ်ထဲက ငွေကလေးတွေက ငါတို့ဆီ အလည်သွားပါရစေလို့ ပူဆာနေပြီထင်တယ်" ဟု ရယ်ကာမောကာဝင်ပြောလေသည်။

"မမရေ... ဟိုအကြောင်း စ,ပေးလိုက်ပါနော်။ လာလာ.... နောက်မှသွားကြမယ်" ဟုဆိုကာ ဆိုဖိက ရှေ့မှ ဖလေယာက နောက်မှ ထွက်လာကြလေသည်။ ဆိုဖိသည် ချစ်သူ၏မျက်နှာကို ပြုံးချိုစွာကြည့်လျက်နှုတ်ဆက်လျှင် ဟာဇစ် ကလည်း ချစ်သူကို အသားပေးကာ အရေးတယူကြည်ဖြူစွာ နှုတ်ဆက်လေ၏။ ဖလေယာမှာလည်း ဖော်ရွေချစ်ခင်စွာနှုတ်ခွန်းဆက်လေသည်။ ဂိုဘလားက "ကဲ... ဆိုဖိရေ ဘယ်မှာလဲ။ တို့လက်ဖက်ရည်သောက်မယ်လေ။ ဖဲချစရာကလည်း ရှိသေးတယ်။ စားစရာ

mgyoe.com

mgyoe.com


ကို မြန်မြန်စားပြီးမှ…”ဟုဆိုသဖြင့် အစ်ကိုကြီးအက်ဒလားက အရင်ထကာ “ကိုင်း… ကိုင်း… လာကြလေ ဆိုဖီရေ၊ လက်ဖက်ရည်စားပွဲ မြန်မြန်ပြင်ပါစေကွယ်။ ဒီကောင်ဟာ လာကတည်းက ဆာလာတာနဲ့ တူပါတယ်”ဟုဆိုကာ ထမင်းစားခန်းဆီသို့ ထလာကြလေ၏။

ဆိုဖီမှာ စောစောက အပြီးအစီး လုံ့လကြီးစွာ ပြင်ဆင်ထားသော စားစရာများကို သွက်လက်ဖျတ်လတ်စွာ တည်ခင်းကျွေးကာနေလေ၏။ သူငယ်ချင်း ညီအစ်ကိုမောင်နှမတစ်စုတို့လည်း လက်ဖက်ရည်စားပွဲတွင် ပျော်ရွှင်စွာ စားသောက်ကြရင်း တစ်ယောက်တစ်လှည့် ရယ်စရာမောစရာ ပုံတိုပတ်စကလေးများ ပြော၍ တသောသော ပွဲကျနေကြလေသည်။

အတန်ကြာလျှင် စားသောက်ပြီး၍ အသီးသီး နေရာမှထလာကြပြီး အစ်ကိုကြီးကလည်း ဆေးတံကြီးမှိန်းကာ ဧည့်ခန်းစားပွဲဝိုင်းတွင် လူပျိုကြီးပီပီ တစ်ယောက်တည်း ထိုင်နေလျှင် ဂိုဘလားနှင့် ဖလေယာတို့စုံတွဲကလည်း အစ်ကိုကြီးအနီးသို့ လာ၍ထိုင်ကာ အမျှင်မပြတ်သေးသော ရယ်စရာမောစရာ စကားလက်စကို ဆက်နေကြပြန်လျှင် ဆိုဖီနှင့် ဟာဇစ်တို့မှာ နှစ်ကိုယ်ယှဉ်တွဲ၍ အိမ်ရှေ့ ပန်းခြံကလေးထဲသို့ ရောက်နေကြလေတော့သည်။

ဟာဇစ်၏ နက်ပြောင်သော သက္ကလတ်ကုတ်အင်္ကျီရင်ဘတ်တွင် ဆိုဖီဘယ်အချိန်က တပ်ဆင်ပေးလိုက်သည်မသိရသော တောနှင်းဆီပွင့်ကလေးမှာ လန်းလန်းရွှင်ရွှင်နှင့် သခင်နှစ်ယောက်၏အချစ်ကို ထောက်ပင့်အားပေးနေသကဲ့သို့ မှတ်ထင်ရလေ၏။ ဆိုဖီ၏ ရှည်ရှည်လျားလျား ဖားဖားဝေဝေ ကော့ညွှတ်၍နေသော မျက်တောင်အောက်မှ ပြာလဲ့သောမျက်လုံးကလေးမှာ အခါတိုင်းထက်ပို၍ ပြုံးချိုကြည်လင်နေသည်ဟု မှတ်ထင်ရလေသည်။ ဟာဇစ်သည်ကား အချစ်ဦးကလေး ဆိုဖီကို တစိမ့်စိမ့်ကြည့်ကာ မင်္ဂလာနှင့်ပြည့်စုံသော အချစ်တေးချင်း

mgyoe.com

mgyoe.com


ကလေးတစ်ပုဒ်ကို သီဆိုပြနေခိုက် ဖြစ်လေ၏။

အိမ်ထဲတွင် သုံးဦးသား စကားပြောနေကြသည့်အနက်မှ ဂိုဘလား က ရုတ်တရက်သတိရကာ "အို... ဟာဇစ်ကော ဟာဇစ်ဘယ်သွား သလဲ ဖဲကစားမယ်လေ" ဟု ပြောကာ မျက်လုံးက အလန့်တကြား ရှာဖွေနေလျှင် ဖလေယာက "အို... ဒါလင်ကလည်း အလန့်တကြားရှိလိုက်တာ ဟာဇစ်နဲ့ဆိုဖီတို့ ခုတင်ပဲ ပန်းခြံထဲဆင်းသွားကြပါကော။ သူတို့ သဘော ကျသလို နေကြပါစေလေ၊ ရှင်က အလိုက်မသိတတ်ရန်ကော" ဟု စကားပလ္လင်ခံလိုက်ပြီးလျှင် အစ်ကိုကြီးအက်ဒလားဘက် လှည့်ကာ–

"ဒါနဲ့ အစ်ကိုကြီးရယ်၊ ဟာဇစ်ကလေးဟာ အလွန်တော်တဲ့ သူငယ် ကလေးပါပဲ၊ အဲလေ... တော်တာတွေကို ကျွန်မက အထူးပြောစရာမလို ပါဘူး။ အစ်ကိုကြီးနဲ့ ဒါလင်တို့ကျောင်းနေဖက်သူငယ်ချင်း လည်ပင်း ဖက်ကြီးလာကြတဲ့လူတွေပဲ။ ကျွန်မထက်ပိုပြီး သိကြမှာပေါ့။ နို့... ပြီး တော့ ဆိုဖီကလေးနဲ့ အတော်ပဲ ချစ်ခင်နေကြတယ်။ ကျွန်မဖြင့် ခုလို လူချစ်ချင်း၊ မိတ်ဟောင်းအပေါင်းအသင်းချင်း တွေ့ဆုံကြရတာကို ကံကောင်းတယ်လို့ ဆိုချင်တာပဲ။"

"အောင်မယ် ငါ့မိန်းမကလည်း အခုလိုတော့ အလာကြီးပါလား။ ဒီစကားဟာ ဆိုဖီကို သူ့အစ်ကိုများက ဟာဇစ်နဲ့ သဘောမမျှကြဘူး ထင် လို့ ပြောတာလား။ ကျုပ်တို့ကလည်း သဘောကျတဲ့ ဟိုဘက်တောင် လွန် သွားပါသေးတယ်ဗျာ" ဟု တဟားဟားရယ်မောရင်း ခပ်ရှင်းရှင်းပြော လိုက်လေသည်။ အစ်ကိုကြီးအက်ဒလားကလည်း အစ်ကိုကြီးပီပီ ခပ် တည်တည်ပြုံးကာ–

"ဂိုဘလားပြောတာ ဟုတ်တယ်။ ဖလေယာရဲ့အစ်ကိုကြီးတို့က လည်း သူတို့ချင်း ချစ်နေတယ်ဆိုတာ ရိပ်မိပါတယ်။ ကျေလည်း ကျေ နပ်ပါတယ်။ ဟာဇစ်လို ချစ်တဲ့သူငယ်ချင်းကို မပြောထားနဲ့။ ညီမ

mgyoe.com

mgyoe.com

ကလေးဆိုဖီယာ ချစ်နေတယ်ဆိုရင် တခြားက တစ်ခါမှမမြင်ဖူးတဲ့ လူစိမ်းတစ်ယောက်ကိုလည်း ကျေနပ်ရမှာပဲ”ဟု ပြောလေသည်။ “ဒါဖြင့် အစ်ကိုကြီးရယ်၊ သူတို့ကို မြန်မြန်လက်ထပ်လိုက်စေရင် မကောင်းဘူးလား။ ဟာဇစ်ကလည်း အစ်ကိုကြီးတို့ကို ခွင့်တောင်းဖို့ရာ စဉ်းစားနေရှာထင်ပါရဲ့” ဟု ဖလေယာက ပြောလေ၏။

“ကဲလေ... ဒါတွေ အရေးမယူပါဘူး။ အားလုံးကျေနပ်နေကြတဲ့ အလုပ်တွေပဲ။ ဖဲကစားချင်လှပြီ။ ဟာဇစ်ကို ခေါ်စမ်းပါ”ဟု ဂိုဘလားက လောပြန်လေ၏။ ဖလေယာလည်း “ရှင်ဟာလေ တစ်ခုခုလုပ်ချင်ရင် အင်မတန် အရေးကြီးတယ်” ဟုဆိုကာ နေရာမှ ထလာလေသည်။ ပန်းခြံထဲတွင် ချစ်ခင်ကြည်နူးနေကြသော ချစ်သူနှစ်ယောက်တို့အနီးသို့ ဖလေယာ ရောက်လာလေ၏။

“ဟော... မမလိုက်လာပြီ။ လာပါ မမ၊ ကျွန်မတို့ ဒီမှာအေးအေး သာသာရှိလို့ စကားပြောနေကြတယ်”ဟုဆိုကာ ထိုင်ခုံတွင် နေရာဖယ်ပေးလျှင် ဖလေယာကလည်း ဆိုဖီနှင့် ဟာဇစ်တို့အလယ်မှ ဝင်၍ ထိုင်ကာ ဟာဇစ်၏မျက်နှာကို ပြုံးကာ ကြည့်လိုက်ရင်း မင်းတို့တော့ ဒီနေရာမှာ အတော်ပျော်နေတာပဲထင်တယ်” ဟု စကားစလိုက်သည်။ ဟာဇစ်ကလည်း ပြန်၍ပြုံးကာ “ပျော်သင့်သလောက်တော့ ပျော်ပါတယ် အစ်မကြီးရယ်။ ဒါပေမဲ့လို့ ရှေ့ကို ဒီထက်ပျော်ပျော်နေကြဖို့က သာပြီး အရေးကြီးပါတယ်”

“လက်ထပ်ရုံ လိုတော့တာကွယ်။ သူတို့လည်း ကျေနပ်ကြပြီး သားပဲ။ အစ်မကြီးလည်း အခုပဲ မင်းတို့ကိစ္စကို ပြောလာခဲ့သေးတယ်။ ဒီနေ့ တစ်ခါတည်း အစ်ကိုကြီးကို ခွင့်တောင်းသွားပါလား။ သူတို့နှစ်ယောက်လုံးက ဆိုဖီချစ်ရင် ဘာပဲဖြစ်ဖြစ် ကျေနပ်တယ်။ မင်းလို သူငယ်ချင်း မိတ်ဆွေဆိုတော့ ပြောဖို့မလိုတော့ဘူးတဲ့”

mgyoe.com

mgyoe.com


"တကယ်လား အစ်မကြီးရယ်။ ဒါဖြင့် ကျွန်တော် ဒီနေ့ အခွင့်တောင်းလိုက်မယ်နော်"

"တကယ်ပါကွာ။ ကဲ... လာ... သွားစို့။ ဂိုဘလားက ယောက်ဖလောင်းကလေးနဲ့ ဖဲချချင်လှပြီ" ဟုဆိုသောကြောင့် ဟာဇစ်နှင့် ဆိုဖိ၊ ဖလေယာတို့ သုံးဦးသား ရယ်ကာမောကာ အိမ်ထဲသို့ ပြန်ဝင်လာကြလေသတည်း။

mgyoe.com

mgyoe.com

# အခန်း [ ၂ ]

နောက်များမကြာမီ ရက်အတွင်းတွင် ဆိုဖီနှင့် ဟာဇစ်တို့သည် အစ်ကိုကြီးများ သဘောတူချက်အရ လက်ထပ်ရန် ရက်သတ်ချိန်းဆိုပြီး ဖြစ်သွားကြလေသည်။ ချစ်သူနှစ်ဦးမှာ အထူးပျော်ရွှင်နေကြလျက် နေ့စဉ်ရက်ဆက်ဆိုသလို တစ်ယောက်အိမ် တစ်ယောက် ဝင်ထွက်သွားလာကာ နေကြလေသည်။ အစ်ကိုကြီးများကလည်း ညီမကလေး ပျော်ပျော်ပါးပါးနေသည်ကို အရိပ်ကြည့်လျက် နှစ်သက်ကျေနပ်နေကြလေ၏။ သို့နှင့် လက်ထပ်ရန် ချိန်းဆိုထားသောနေ့ကား တစ်နေ့တခြား နီးကပ်လာလေ၏။ အစ်ကိုကြီးများနှင့် ယောက်မ ဖလေယာတို့မှာလည်း ဆိုဖီတို့၏ လက်ထပ်အခမ်းအနားအတွက် မကြာခဏ လာရောက်ကာ အားတက်သရော ပြင်ဆင်စီမံနေကြသည်။ မင်္ဂလာသတို့သမီး ဆိုဖီနှင့် သတို့သား ဟာဇစ်တို့မှာမူကား ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်ပျော်ရွှင်စွာနေကြပြီး လက်ထပ်ပွဲပြီးလျှင် ဟန်းနီးမွန်း အပျော်ထွက်ရန် မိမိတို့နှစ်ဦးသဘောတူ နှစ်သက်ရာခရီးစဉ်များကို ရွေးချယ်ခြင်းဖြင့် အထူး

mgyoe.com

mgyoe.com


အလုပ်များ၍ နေရှာကြလေ၏။

နောက်ဆုံး လက်ထပ်ရန် နေ့ရက်၏ အနီးကပ်ဆုံး အချိန်သို့ ရောက်လာခဲ့လေသည်။ ဟာဇစ်သည် တစ်နေ့မှ မလာလျှင်မနေနိုင်သော သူငယ်ချင်းအက်ဒလားနှင့် ချစ်သူကလေး ဆိုဖီတို့ ထံသို့ ရောက်လာကာ အချိန်ကြာရှည်စွာ စကားကောင်း၍ နေလေသည်။ လက်ထပ်ရန်မှာ နက်ဖြန်ညနေစောင်း အချိန်ကလေးမျှသာ လိုတော့သဖြင့် အစစကိစ္စများ ပြီးစီးအောင် စီမံခန့်ခွဲပြီးဖြစ်ကြောင်း အစ်ကိုကြီးအက်ဒလား၏ မိတ်ဆွေများကိုလည်းကောင်း၊ အစ်ကိုလတ် ဘဏ်မန်နေဂျာ၏ အလုပ်ဘက်ဆိုင်ရာ မိတ်ဆွေများနှင့် ဂျာမနီပြည်၏ နေရှင်နယ် ဆိုရှယ်လစ် ဂိုဏ်းဝင်များ ဖြစ်ကြသော ဟင်မလားအဖွဲ့၏ အမှုထမ်းဖော်ထမ်းဖက်များကို လည်းကောင်း၊ ဘဏ်မန်နေဂျာကတော် ဖလေယာ၏ အသိမိတ်ဆွေများ ရင်းနှီးသော နာဇီအသင်းသူ အသင်းသားများကိုလည်းကောင်း၊ မဂ်လာသတို့သား ပရော်ဖက်ဆာကလေး ဟာဇစ်၏ အသိမိတ်ဆွေများကို လည်းကောင်း၊ သတို့သမီး ဆေးကျောင်းသူဟောင်း ဆိုဖီ၏ ကျောင်းနေဖက် သူငယ်ချင်းများ အသိမိတ်ဆွေများကိုလည်းကောင်း.... တစ်ဦးမကျန် ဖိတ်မန္တကပြုထားသော မိတ်ဆွေစာရင်းများကို ကြည့်ရှုစစ်ဆေး၍ လိုလေသေးမရှိအောင် ဖြည့်စွက်ပြင်ဆင်တန်သည်ကို တိုင်ပင်ပြင်ဆင်ကြပြီးလျှင် စားပွဲဝိုင်းတွင် သုံးဦးသား အနားယူကာ အေးအေးလူလူ ထိုင်နေကြရာမှ ဆိုဖီကစ၍....

"ဒါထက်၊ အစ်ကိုကြီးရေ.... ဆိုဖီတို့လက်ထပ်ပြီး ဟန်းနီးမွန်း ထွက်ဖို့ခရီးစဉ်ကို ဟာဇစ်နဲ့ သဘောတူ တိုင်ပင်ထားတယ်"

"ဩော်... ဟုတ်ကဲ့လား။ မင်းတို့ ဘယ်အထိ သွားကြမှာတုံး"

"ကျွန်မတို့လေ....ဩစတြေးလျကိုဖြတ်ပြီး အီတလီအထိ မီး ရထားလမ်းအတိုင်း သွားကြမယ်။ ဟိုမှာ တစ်ပြည်လုံးနှံ့အောင် လည်ဖို့

mgyoe.com

mgyoe.com


ပဲ။ အဲဒီကမှ အခြေအနေသာယာမယ်ဆိုရင်လည်း အရှေ့ဘက်ကို ဆက်သွားဦးမယ်"

"စစ်ဖြစ်နေတဲ့အခါကြီးဆိုတော့ ခြေလှမ်းရှည်လို့ မတော်သေးဘူးကွဲ့။ သိပ်လည်း အတင့်မရဲကြနဲ့၊ အစ်ကိုကြီးသဘော ပြောရမှာဖြင့် ခုနေ ဂျာမနီနယ်ထဲတွင်ပဲ သွားစေချင်တယ်။ သို့သော်လည်း မင်းတို့ဆန္ဒရှိတာကိုတော့ မတားဆီးလိုပါဘူး။ အီတလီလည်း ယခုဂျာမနီရဲ့မိတ်ဆွေကြီးပဲ၊ စိုးရိမ်စရာမရှိလှပါဘူး။ ဒါလောက်တော့ သွားကြတာပေါ့။ ဟာဇစ်ရော... ဘယ်ကိုသဘောကျလဲ"

"ကျွန်တော်လည်း ဆိုဖိနဲ့ တစ်သဘောတည်းပါပဲ။ ဟန်နီးမွန်းအတွက် အေးအေးလူလူ ခရီးထွက်လာတဲ့လူတွေကိုတော့ ဘယ်သူမှ အနှောင့်အယှက်ပေးမယ် မထင်ပါဘူး အက်ဒလားရဲ့" ကျွန်တော်ရဲ့သဘောကလည်း အပျော်သက်သက်လောက် အာရုံမထားပါဘူး။ အရှေ့နိုင်ငံတွေမှာ တွေ့မြင်ကြားသိလာရတဲ့ သတင်းထူး သတင်းဆန်းတွေယူလာဖို့ စိတ်ကူးထားပါတယ်။ အက်ဒလားကလည်း စာရေးဆရာဆိုတော့ ကျွန်တော် ယူလာတဲ့သတင်းတွေဟာ စာရေးရာမှာ အများကြီးအသုံးဝင်လာမှာပေါ့"

"အင်း... စာရေးဆရာမို့ စာရေးဖို့အကြောင်းနဲ့ စကားစပ်မိလို့ ပြောရတော့မယ်။ ငါတော့ သိပ်စိတ်ပျက်တာပဲ သူငယ်ချင်းရယ်။ ဒါကြောင့် ခုတစ်လောများဖြင့် ဘာစာကိုမှ မရေးသေးဘဲ အေးအေးထိုင်ပြီး အနားယူနေလိုက်တော့တာပဲ" ဟုဆိုလျှင် ဟာဇစ်မှာ အနည်းငယ်အံ့အားသင့်ကာ.....

"အို.... ဘာဖြစ်လို့လဲ အက်ဒလားရဲ့။ ကျွန်တော်တော့ အမြဲပဲ ခင်ဗျား စာတွေ ရေးနေတယ် ထင်ခဲ့မိတယ်"

"စာရေးဆရာဆိုတာ စိတ်ကူးကျယ်ကျယ်လွှင့်လွှင့်နဲ့ စာရေးရမှ

mgyoe.com

mgyoe.com


ကောင်းတာလားကွာ။ အခုတော့ စိတ်ရောကလောင်ရော ဘာမှ လွတ်လပ်ခြင်းမရှိစေရဘဲ အမြဲချုပ်ချယ်ထားတာ ခံနေရတဲ့အတွက် ကျုပ်တော့ ဘာစာမှ နောက်ထပ်မရေးချင်အောင် စိတ်ပျက်နေပြီ"

"ခက်တာပဲနော် ဒါဖြင့် အရင်ကရေးတဲ့ စာအုပ်ကလေးတွေကရော တော်တော်ကလေး ကျေးဇူးများရဲ့လား"

"မပြောပါနဲ့တော့ကွာ... အရင်တုန်းက ရေးထားတဲ့စာအုပ်ကလေး တွေကိုလည်း ကိုရှေ့ဟာစ်တလာတို့လက်ထက်ရောက်လာမှ သူတို့နာဇီဝါဒနဲ့ ဆန့်ကျင်တယ်ဆိုပြီး တချို့မီးပုံတိုက်ပစ်၊ တချို့အသိမ်းခံရနဲ့ ရောင်းစားရမယ့်စာအုပ်ကို မကျန်သလောက်ဖြစ်နေတယ်။ ဒါပေမဲ့ တစ်ခုတော့ ဖြေစရာရှိပါသေးရဲ့ကွာ။ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူး။ ဂျာမနီတစ်ပြည်ထောင်လုံးမှာရှိတဲ့ နာဇီဂိုဏ်းဝင်မဟုတ်တဲ့ စာရေးဆရာတွေလည်း ကျုပ်လိုပဲ အညှဉ်းခံနေရလို့ စိတ်ဖြေဖို့ အဖော်ရသေးတယ်ဆိုပါတော့"

"အို... ဒါဖြင့် ခင်ဗျား သက်သက်မဲ့ အားနေပြီဆိုပါတော့၊ စိတ်ပျက်ပြီး အလကားတော့ မနေပါနဲ့ဗျာ။ တစ်ခုခုရေးနေပါလား။ သူတို့ မကြိုက်တာမပါရင် ပြီးတာပဲ အက်ဒလားရဲ့"

"ကျုပ်လည်း ဒီလိုပဲစိတ်ကူးရပါတယ်။ ဒါပေမဲ့ အပုံတစ်ရာမှာ သူတို့မကြိုက်တာ ၉၉ လောက်ပါတယ်။ လူတွေဖတ်ထိုက်တဲ့ စာအုပ်တစ်ခု ရေးမယ်ဆိုရင်.... အေးလေ... သဘာဝကျကျ လောကဓမ္မ ရှေ့ကြောင်းနောက်ကြောင်း ညီညွတ်မှန်ကန်တဲ့စာအုပ်မျိုးကို ရေးမယ်ဆိုရင် စာတစ်အုပ်လုံးမှာ နာဇီဝါဒနဲ့ ဆန့်ကျင်တာတွေကို ရေးရမှာ။ ဒီတော့ သူတို့မကြိုက်တာတွေချည်း ပါနေမှာပဲ။ နေရှင်နယ်ဆိုရှယ်လစ် အစိုးရ လုပ်ကိုင်သမျှကိုသာ အမြဲချီးကျူးထောက်ခံရေးပေးနေရင်ဖြင့်လည်း လူတွေဖတ်ထိုက်တဲ့ သဘာဝကျတဲ့ စာအုပ်ဖြစ်မှာမဟုတ်ဘူး"

mgyoe.com

mgyoe.com


"ပညာရေးဘက်က ကျောင်းသုံးစာအုပ်ကလေးတွေ ဘာတွေ စိတ်ကူးစမ်းပါလား"

"ဟာ... အခု သူတို့သုံးနေကြတဲ့ ကျောင်းသုံးစာအုပ်မျိုးကို ကျုပ် ဘာရေးတတ်မလဲ ဟာဇစ်ရဲ့။ စာအုပ်ထဲမှာပါရမယ့် ပညာအခြေခံက ဓားပြတိုက်ဖို့၊ လူသတ်ဖို့၊ ဓာတ်ငွေ့လွှတ်ဖို့၊ ဗုံးကြဲဖို့၊ တိုက်ပွဲကို ရှေ့ဆုံးက ရဲရဲကြီးချီတက်ဖို့ဆိုတဲ့ ဟာတွေနဲ့ သူတို့နာဇီခေါင်းဆောင်ကြီးကို ဘုရားကဲ့သို့ ကြည်ညိုကိုးကွယ်ကြဖို့၊ ခေါင်းဆောင်ကြီးပြောတဲ့ စကားဆိုရင် ဆင်ကိုဆိတ်ဖြစ်အောင် ပြောပြော၊ ဘုရားဟောတရားတော်ကြီးကို လေ့နံ့ဓားထစ် ယုံကြည်လိုက်နာဖို့ဆိုတဲ့ တစ်ကမ္ဘာလုံး၊ တစ်လောကလုံးနဲ့ ဆန့်ကျင်တဲ့အဓမ္မစိတ်ဓာတ်မျိုးတွေ သွင်းပေးရမယ့်စာမျိုးတွေပဲ။ ကျုပ် ဒီစာမျိုးတွေကို မရေးရဲဘူး။ နို့... ပြီးတော့ စာရေးဆရာဆိုတာလည်း အနည်းဆုံး လမ်းမှန်ကမ်းမှန် စိတ်ကူးနဲ့အများကြိုက်သဘောကလေးတွေ စိတ်ထဲမှာ မွေးမြူထားကြတဲ့ အခံကရှိသေးတယ်။ အို... မဖြစ်နိုင်ပါဘူး။ တိတ်တိတ်နေရင် ထောင်တန်တယ်ဆိုတဲ့ စကားအတိုင်း ခုလိုခေတ်ဆိုး အခါဆိုးကြီးထဲမှာ ငြိမ်ငြိမ်ကလေး ကုပ်နေရတာ အကောင်းဆုံးပဲ"ဟု ညည်းညည်းတွားတွား ပြောလေသည်။ အနီးတွင် နားထောင်နေသော ဆိုဖီကလည်း မိမိစိတ်တွင် အမြဲပင် တအုံနွေးနွေးနှင့် မကျေနပ်ခဲ့သည့် အချက်ကြီးများကို သတိရလာကာ

"အို... အစ်ကိုကြီးတို့ စာရေးဆရာတွေသာ အကျပ်တွေ့နေကြတာ မဟုတ်သေးပါဘူး။ ဆိုဖီတို့လို မိန်းကလေးတွေမှာလည်း လူစင်စစ်က အညွန့်အစတုံးပြီး အသက်မရှိတဲ့ ကျောက်ခဲလုံးကြီးများလို ဖြစ်နေကြရတာပဲ။ ပညာလေး ဘာလေး တတ်ထားလို့မှလည်း ထိုက်တန်သလောက် အသုံးမချရ။ ရသင့်ရထိုက်တဲ့ အခွင့်အရေးဆိုသမျှကိုလည်း အကုန်သိမ်းကျုံးထုတ်နုတ်ယူထားပြီး အိမ်ကြီး ကျွန်အလုပ်ထဲကို ဖွတ်ထည့်ထားတာ

mgyoe.com

mgyoe.com


ခံနေရတယ်။ ဘယ်နိုင်ငံကမိန်းမတွေမှ ဆိုဖီတို့လို ကံမဆိုးကြသေးဘူး။"

"ဟော့... တိုးတိုးပြောပါ ဆိုဖီး.... အသက်တောင် ပြင်းပြင်း မရှူဝံ့ရတဲ့အခါကြီးမှာ အစစအရာရာ သတိရှိပါစေ။ သူတို့ စုံထောက်အဖွဲ့က သူလျှိုတွေ၊ စုံထောက်တွေဟာ ငါတို့ ဂျာမနီတစ်ပြည်လုံးရဲ့ အိမ်တိုင်းအိမ်တိုင်းမှာ ရှိနေတယ်ဆိုတာလည်း အသိသားနဲ့..."ဟု အက်ဒလားက သတိပေးလိုက်လေသည်"

"ဒီအိမ်မှာ ကျွန်မတို့ သုံးယောက်တည်း စကားပြောနေတာပဲ။ ဘယ်သူမှ မကြားနိုင်ပါဘူး။ ဆိုဖီပြောတာမဟုတ်ဘူးလား ဟာဖစ်ရဲ့။ ဒီကမ္ဘာပေါ်မှာရှိတဲ့ တိုင်းပြည်အသီးသီးတွေက မိန်းမတွေဟာ အခုလို ဆိုဖီတို့ ခံနေရသလို ခံမနေရဘူးမဟုတ်လား။ အို... မိန်းမတွေရော စာသင်တဲ့ကျောင်းက ကလေးတွေ၊ ပုခက်ထဲမှာအိပ်နေတဲ့ ကလေးတွေ၊ မိခင်ရဲ့ဝမ်းဗိုက်ထဲက မကျွတ်ရသေးတဲ့ ကလေးတွေ၊ သင်္ချိုင်းမြေတွင်းကို ဆင်းရကာနီးနေတဲ့ သက်ကြီးလူအိုတွေရော၊ ဘုန်းကြီးတွေ မယ်သီလရှင်တွေရော၊ ကျွန်မတို့နိုင်ငံလောက် ဘယ်နိုင်ငံမှာမှ ကံမဆိုးကြပေဘူးထင်ပါရဲ့."ဟု ပြောရင်း မချိမဆံ့နှင့် ဝမ်းနည်းသံကလေး ပါ၍လာလေသည်။

"တော်ပါတော့ ဆိုဖီရဲ့၊ ငါ့ညီမလေးအတွက် စိတ်မချဘူး။ ခုအခါမှာ သူတို့ဟာ အကြားအမြင်ပေါက်နေတဲ့ စုန်းကဝေနတ်ဆိုးများလို တစ်ဖက်သတ် တန်ခိုးကြီးနေတဲ့အခါဖြစ်တယ်။ နေရာတကာမှာ စုံထောက်တွေ ခြေချင်းလိမ်နေတယ်ဆိုတာလည်း အမြဲသတိထား၊ နည်းနည်းကလေးမှ စကားမမှားပါစေနဲ့ ညီမရယ်။ ကြောက်တတ်ရင် ဝန်ကင်းပါတယ်။ အစ်ကိုကြီး တစ်ခုပြောမယ် ငါ့ညီမ။ ငါတို့ ဂျာမန်လူမျိုးတွေမှန်သမျှမှာ ရှေးအခါကလို အေးချမ်းလွတ်လပ်တဲ့ စိတ်တွေ မရှိကြတော့ဘူး။ လူတိုင်းလူတိုင်းရဲ့ စိတ်သဏ္ဍာန်မှာ ကျိုးလန့်စာစားဆို

mgyoe.com

mgyoe.com


သလို အမြဲသဖြင့် ကြောက်ရွံ့ထိတ်လန့်နေတဲ့ စိတ်တွေသာ ကိန်းအောင်းနေကြတယ်။ တစ်ယောက်ကို တစ်ယောက်လည်း မယုံသင်္ကာဖြစ်နေကြတယ်။ အဆုံးမှာတော့ တစ်အိမ်သားထဲမှာတောင် ဘယ်သူ့ဘယ်သူ့မှ စိတ်မချဝံ့အောင် ဖြစ်နေကြရတယ်။ ငါ့ညီမရော၊ ငါ့ညီ ဟာဇစ်ရောမင်းတို့သတိထားမိကြမှာပဲ။ ငါတို့ ဇာတိချက်ကြွေ ဂျာမနီပြည်ကြီးမှာ ကပ်ဆိုးဆိုက်နေတဲ့ အချိန်များလိုပဲ။ အေးချမ်းသာယာမှုဆိုလို့ တစ်ခုမှ မရှိတော့ဘူး။ ရှေးအခါက အရက်ဆိုင်များမှာ သူစိမ်းတစ်ရံဆံ လူချင်းပင်ဖြစ်ပါစေ။ အေးအေးဆေးဆေး ဘီယာသောက်ရင်း စကားစမြည် ပြောနေတတ်ကြတယ် မဟုတ်လား။ အခုများ ဘီယာဆိုင်တွေ၊ စားစရာဆိုင်တွေ ဟိုတယ်ခန်းတွေမှာ အင်မတန်ရင်းနှီးတဲ့ အသိမိတ်ဆွေအချင်းချင်းတွေ့ကြတာတောင် စကားဟာဟာ မပြောဝံ့ကြတော့ဘူး။ စကားပြောမိရင် အမှားပါပြီး အဖမ်းအဆီးခံရမှာ ကြောက်ရှာကြလွန်းလို့”

“အေးလေ၊ ဖမ်းရုံဖမ်းသွားတာနဲ့တော့ ဒီလောက် ကြောက်ကြမှာမဟုတ်ပါဘူး။ အဖမ်းခံရတာနဲ့ တစ်ချက်တည်း မပြန်လမ်းကို မြန်းရတဲ့နေရာကြီးတွေထဲ ရောက်သွားတတ်လို့ ဒီလောက် ကြောက်ကြတာပေါ့။ အခုတော့ ဘီယာဆိုင်ကို မနေနိုင်လို့ အသောက် သွားရတောင်မှ ဘီယာကလေးတမြမြနဲ့ ရှေးကလို ဖိမ်ယူလေဖော မနေနိုင်ကြတော့ဘဲ ဆေးဝါးအမှတ်နဲ့ ကတိုက်ကရိုက် မော့ချပြီး ပျာယီးပျာယာ ပြန်ထွက်သွားကြတာပဲ။ ဘာနဲ့တူနေသလဲဆိုတော့ လူတို့နေထိုင်ရာ တိုင်းနိုင်ငံမြို့ရွာရပ်ကွက်ထဲမှာ အစွယ်ပြူးပြူးနဲ့ ဘီလူးသဘက်ကြီးတွေ ဝင်နေသလို ငါတို့ ဂျာမနီလူမျိုးတွေရဲ့ စိတ်ထဲမှာ မှတ်စွဲနေကြတယ်။ တကယ်လည်း လူသားစားတဲ့ ဘီလူးကြီးများ ထင်ရှားရှိနေတယ်ကွဲ့။ ဘာကြောင့်လဲလို့ ဥပမာတစ်ခုပြောပြမယ်”ဟုဆိုကာ အနည်းငယ် ရပ်တန့်နားနေပြီး မိမိတို့စကားကို တစ်စုံတစ်ယောက်မျှ မကြားရန် ကျီးလန့်စာစား မျက်စိ

mgyoe.com

mgyoe.com


မျိုးဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်မိလေသည်။ ဆိုဖီနှင့် ဟာဇစ်တို့လည်း အက်ဒလားပြောမည့်စကားကို စိတ်အားထက်သန်စွာ နားစိုက်ထောင်နေကြလေ၏။ အက်ဒလားက ဆက်ကာ လေသံတိုးတိုးနှင့်...

ဟိုတစ်လောက မေယာဆိုတဲ့ မိန်းမကြီးတစ်ယောက်ဟာ သူ့ချွေးမ အယ်လစ်ဇဘတ်နဲ့ လမ်းမှာ လျှောက်သွားနေကြတုန်း မိန်းမကြီးက ရယ်စရာအဖြစ်သဘောနဲ့ "ဟော့... အယ်လစ်ဇဘတ်ရေ ဟာစ်တလာဆိုတဲ့ လူဟာ နားထောင်ကောင်းလောက်အောင် စကားတွေကို အပင်ပန်းခံ ပြောနေမယ့်အစား ဝက်အူချောင်းကို ဈေးလျှော့အောင်လုပ်ပေးရင် ပိုပြီး ကောင်းမှာပဲလို့ ပြောလိုက်မိတယ်တဲ့။ အဲဒါကို ရှေ့ကိုယ်တော်တွေက ဘယ်လိုဘယ်နည်းနဲ့ ချက်ချင်းကြားသွားတယ် မပြောတတ်ဘူး။ ဖျတ်ခနဲ မိန်းမကြီးကို ပုလိပ်တစ်ယောက် လာဆွဲသွားတယ်။ ဒီနေ့အထိ ဒီမိန်းမကြီး ဘယ်ရောက်နေတယ်ဆိုတာကို ဘယ်သူမှ မသိကြရတော့ဘူး။ အဲဒီစနစ်ကိုထောက်လို့ တစ်ယောက်နဲ့တစ်ယောက် ရှေးကရန်ငြိုးရှိဖူးတဲ့ လူများလည်း ကလဲ့စားချေဖို့ အင်မတန် လွယ်ကူနေတာပဲ။ ဒါကြောင့် စကားပြောလည်း သတိနဲ့။ စားလည်းသတိနဲ့၊ အိပ်လည်း သတိနဲ့နေကြဖို့ အထူးအရေးကြီးနေတယ်။ ကိုယ့်အိမ်ထဲမှာရယ်လို့လည်း စကားပြော အတင့်ရဲလို့ မဖြစ်ဘူးကွဲ့" ဟု နှစ်ကိုယ်ကြား နှစ်နားသိအနေမျိုးနှင့်ပြောလျှင် ဆိုဖီနှင့် ဟာဇစ်တို့မှာ တိုင်းပြည်တွင် မိမိတို့မျက်မြင် အခြေအနေများကို သတိတရားရကာ အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေမိကြလေသည်။

အက်ဒလားသည် ဆေးတံကို မီးညှိသောက်နေခြင်းဖြင့် စကားပြတ်သွားသဖြင့် အတန်ကြာ တိတ်ဆိတ်နေကြရာမှ ဟာဇစ်က စဉ်းစားနေရာမှ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်ကာ...

"ဒါတွေဟာ နာဇီလက်ချက်တွေပေါ့ ခက်ပါတယ်လေ...ခုအတိုင်း

mgyoe.com

mgyoe.com


သာ သွားနေမယ်ဆိုရင် ကျွန်တော်တို့ ဂျာမနီပြည်ကြီးတော့ ဒုက္ခပါပဲ။ ဒီနာဇီတွေလုပ်ပုံကို ကျွန်တော်ဖြင့် စိတ်ပျက်မိရဲ့ဗျာ” ဟု ခပ်တိုးတိုး ညည်းတွားလိုက်မိလေသည်။ ယင်းသို့ သူများစကားအဆုံး၌ တစ်လုံး တည်းဝင်၍ ညည်းလိုက်မိသော ဟာဖစ်၏ အဖျားသတ်စကားမှာ သာ ယာငြိမ်းအေးသော ထိုအိမ်ကလေး၏ ဘေးဆိုးဒဏ်ဆိုး၊ ကြမ္မာဆိုးကြီး တစ်ခုကို ခေါ်ယူလိုက်သည်ဟု အမှတ်ပြုရတော့မည်ကဲ့သို့ ရှိလေတော့ ၏။

အကြောင်းမူကား ထိုနောက်ဆုံးစကားကို ပြောလိုက်မိသော စက္ကန့်ကလေး၏ အခိုက်အတန့်တွင် နာဇီ သူလျှိုအဖွဲ့ဝင် ဖလေယာနှင့် ဂိုဘလားတို့ ဧည့်ခန်းအဝင်တံခါးဝနားသို့ ရောက်လာခိုက်ဖြစ်သွားလေ ၏။ လူလုံးကို ဖော်၍မဝင်မီ “နာဇီ”ဟူသော ပထမလေသံတစ်ချက် ကို ကြားလိုက်သည်နှင့် ဖလေယာသည် သူ့လင်ဂိုဘလားကို လက်ကုတ် ဟန့်တား၍ စကားဆုံးအောင် ချောင်း၍ နားထောင်လိုက်လေသည်။

“ဒီနာဇီတွေ လုပ်ပုံကို ကျွန်တော်ဖြင့် စိတ်ပျက်မိပါရဲ့ဗျာ” ဟူ သော ဟာဖစ်၏ နိဂုံးချုပ်စကားကလေးတစ်ခွန်းမှာ ဂိုဘလားရော ဖလေယာပါ မကြားဘဲမနေသာအောင် ဖြစ်သွားလေသည်။ ဖလေယာ သည် သူ့လင် ဂိုဘလားကို တစ်ချက်ကြည့်လိုက်သည်။ ဂိုဘလားလည်း ထိုစကားကလေးမှာ အရေးမကြီးလှသော စကားဖြစ်သည် တစ်ကြောင်း၊ ဟာဖစ်မှာလည်း မိမိတို့နှင့် ချစ်ခင်လှသော သူငယ်ချင်းဖြစ်ရုံမက နက်ဖြန်တွင် ယောက်ဖအရင်းခေါက်ခေါက် တော်ရတော့မည့်သူဖြစ် လေရာ ထိုစကားကလေးကို အရေးပါအရာရောက်သည်လည်း မဟုတ်၍ အမှတ်မဲ့ပင် ဖလေယာကို လက်ဆွဲကာ....

“ကဲ... လာပါ ဖလေယာရယ်။ ဘာမှ အရေးကြီးတာ မဟုတ်ပါ ဘူး”ဟုဆိုကာ အိမ်ထဲသို့ ဝင်လာကြလေသည်။ ဂိုဘလားနှင့် ဖလေယာ

mgyoe.com

mgyoe.com


တို့ ထိုနေ့အဖို့ လာခြင်းမှာ နက်ဖြန် ၎င်းတို့၏ ညီမချစ်ကလေး ဆိုဖီအတွက် မင်္ဂလာလက်ဆောင်အဖြစ်နှင့် လှပသောအဝတ်တစ်စုံကို ပေးရန် ရောက်လာကြခြင်း ဖြစ်လေတော့သည်။

ဂိုဘလားသည် ဖလေယာနှင့်အတူ ပါလာသော လက်ဆောင်သေတ္တာကလေးကိုပိုက်ကာ ဝမ်းမြောက်ဝမ်းသာမျက်နှာနှင့် ဝင်လာကြလျှင် ဧည့်ခန်းတွင် စကားပြောနေဆဲဖြစ်သော အက်ဒလားတို့ မောင်နှမတစ်စုတို့က အားရဝမ်းသာနှင့် အလို၊ ဖလေယာတို့ပါလားဟု ဆို၍ ဆိုဖီမှုကား ထုံးစံအတိုင်း သူ့ယောက်မအား ပြေးကာ လက်ဆွဲကြိုဆိုရှာသည်။

"ဒီနေ့ မမတို့ လာတာ နောက်ကျလိုက်တာ။ ဆိုဖီဖြင့် ဒီနေ့ မလာကြတော့ဘူးလို့ ထင်တာနဲ့ ခါတိုင်းလို မျှော်တောင် မမျှော်တော့ဘူး မမရဲ့"ဟု ချိုသာကြည်လင်သော အသံကလေးနှင့် ဆီး၍ပြောလေသည်။ ဖလေယာလည်း တစ်ချက်မျှ ပြုံး၍ ကြည့်လိုက်ကာ....

"စောစောထဲက လာမယ်လို့ပါပဲ ဆိုဖီရဲ့။ ဟောဒီအင်္ကျီအော်ဒါ လုပ်ထားတဲ့ ဆိုင်မှာ အတော်ကြာ စောင့်နေရတာနဲ့ နောက်ကျသွားတယ်။ ကဲ... ဖွင့်ကြည့်စမ်းပါဦး။ ဆိုဖီအတွက် ဖက်ရှင်အကျဆုံး မင်္ဂလာလက်ဆောင်လေ" ဟုဆိုကာ ဂိုဘလား လက်ထဲက သေတ္တာကိုဆွဲယူကာ ပေးလေသည်။ ဂိုဘလားကလည်း ညီမလေးကို ချစ်ခင်အရေးပေးသော မျက်နှာနှင့် "အေးကွယ်၊ ဆိုဖီတို့ အစ်ကိုလေးတို့ မင်္ဂလာလက်ဆောင်ကို ကြည့်စမ်းပါဦး။ ကိုယ်တို့အချစ်ဆုံး ညီမကလေးကို အလှဆုံးနဲ့အဆန်းဆုံး လက်ဆောင်ပေးရအောင်လို့ ဖလေယာနဲ့ တိုင်ပင်ပြီး အထူးမှာချုပ်ခိုင်းရတာပဲ။ ဟော့... ဟာဇစ်ရဲ့၊ ဘယ့်နှယ့်လဲ လှရဲ့လား.... ကြည့်စမ်းပါဦး" ဟုဆိုလျှင် ဟာဇစ်ကလည်း ဝမ်းသာပြုံးကြီး ပြုံးပြီး၊ ဆိုဖီကိုယ်တိုင်ဖြန့်ကာပြသော လှပဆန်းပြားသည့် အင်္ကျီကလေးကိုကြည့်ကာ....

"ဟာ သိပ်လှတာပဲ။ ဒီအင်္ကျီဟာ ဟောဒီက ကျွန်တော်တို့အစ်မ

mgyoe.com

mgyoe.com


ကြီးဖလေယာရဲ့ အထက်တန်းကျကျ စိတ်ကူးယဉ်တဲ့ ဖက်ရှင်တစ်မျိုးပဲ နော်” ဟုပင် ကျေးဇူးတင် အဆစ်စွက်ကာ ချီးမွမ်းမိလိုက်လေသည်။ ဖလေယာကား ခပ်ပြုံးပြုံးသာ ပြန်ကြည့်နေသည်။ ခါတိုင်းလောက် နှုတ်စကား မသွက်ဘဲ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားနေပုံရလေသည်။ အစ်ကိုကြီး အက်ဒလားကား နက်ဖြန်ပြုလုပ်မည့် လက်ထပ်ပွဲ အစီအစဉ်များအကြောင်းကို လည်းကောင်း၊ ဘုရားရှိခိုးကျောင်းသို့ လာရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်များကို မည်သို့ကြိုဆို ဧည့်ခံရမည့်အကြောင်းများကို လည်းကောင်း၊ ထိုနေ့အဖို့ လာသမျှဧည့်ပရိသတ်များကို ညဥ့်အချိန်၌ အိမ်တွင် ‘ဘော်လ်ဒန့်စ်” ခေါ် ကပွဲပျော်ပွဲပေး၍ ကျနစွာ ကျွေးမွေးဧည့်ခံရန် အစီအမံများကိုလည်းကောင်း၊ ကပွဲအပြီးတွင် ဟာဇစ်နှင့် ဆိုဖီတို့ဇနီးမောင်နှံအား ဟန်းနီးမွန်း အပျော်ထွက်ရန် ကားကို မည်သို့မည်ပုံ စီစဉ်ထားကြောင်း၊ ၎င်းကား လမ်းမှတစ်ဖန် မီးရထားသို့ မည်ကဲ့သို့သွားကြရန် မည်သူမည်ဝါက ပျော်ရွှင်စွာ လိုက်ပို့ကြရန်ဟူသော အစီအမံများကို ထပ်မံပြောကြား မှာထားလျက် ရှိလေသည်။

ဂိုဘလားသည် လည်းကောင်း၊ သတို့သား ဟာဇစ်သည် လည်းကောင်း၊ သတို့သမီး ဆိုဖီသည် လည်းကောင်း၊ အစ်ကိုကြီး အက်ဒလား ပြောနေသော အစီအစဉ် စကားထဲတွင် စိတ်ဝင်စားကာ နားထောင်နေကြသော်လည်း ဖလေယာမှုကား တစ်စုံတစ်ခု စဉ်းစား၍ မျက်နှာထား ခပ်ပျက်ပျက်ဖြစ်နေလေသည်။ မောင်နှမတစ်စုမှာ မင်္ဂလာကိစ္စအတွက် ပျော်ရွှင် အားတက်နေကြသောကြောင့် ဖလေယာမျက်နှာ အနည်းငယ်ပျက်နေသည်ကို သတိမထားနိုင် ရှိကြသည့်အပြင်၊ ဖလေယာကိုယ်တိုင်ကလည်း မျက်နှာထားကို ပြုပြင်နိုင်သမျှ ပြုံးယောင်ယောင် ပြုပြင်ဖန်တီးထားသောကြောင့် လူတစ်ဦးတစ်ယောက်၏ ကြောက်မက်ဖွယ် ဘီလူးစိတ်ပေါက်နေခြင်းကို အလျဥ်းပင် မရိပ်မိရှာကြဘဲ ရှိလေတော့

mgyoe.com

mgyoe.com


သည်။ ဖလေယာသည် သူ့လင် ဂိုဘလားကို အကဲခတ်ကြည့်ပြန်ရာ ဂိုဘလားမှာ တစ်စုံတစ်ရာကို ဘာမျှမတွေးတော့ဘဲ နှမနှင့်ယောက်ဖတို့၏ မင်္ဂလာပွဲအတွက် အားတက်သရော ပြောဆိုတိုင်ပင်နေသည်ကို တွေ့မြင်ရသောအခါ ဤညဤအိမ်မှ တော်တော်နှင့်ပြန်ဖို့ အဖြေညှိ၍ ရနိုင်သေးမည်မဟုတ်ကြောင်း တွေးမိကာ မိမိတို့ထပြန်ဖို့ရာ မည်သို့ ညဏ်နီထုတ်ရပါမလဲဟု စိတ်ထဲက စဉ်းစားခန်းဝင်နေလေသည်။

ထိုခဏ၌ပင် လျှင်မြန်သောဉာဏ်နီကလေးတစ်ခု ဝင်လာလေသည်။ မိမိနှင့် ကုလားထိုင်ချင်း ယှဉ်ထိုင်နေသော ဂိုဘလား၏ ဖိနပ်ဦးကို၊ ရှူးဖိနပ်ဦးနှင့် အချက်ပေးဘိအလား၊ ခပ်နာနာကလေး ဖိနင်းလိုက်ပြီး ဒါနဲ့ ဂိုဘလားရေ... ကျွန်မတို့ ပြန်ကြဦးစို့လား" ဟု အဖော်ညှိလိုက်ရာ မူလက အတော်ညဉ့်နက်အောင် နေမည်ဟု တိုင်ပင်လာကြသောကြောင့် ဂိုဘလားမှာ ရုတ်တရက် အံ့အားသင့်ကာ ဖလေယာ၏မျက်နှာကို ငေးကြည့်လိုက်မိပြီးမှ အောက်ကဖိနပ်ဦးနှင့် အချက်ပြသည်ကို တွေ့ရခြင်းကြောင့် ငါ့မိန်းမ ကိစ္စတစ်ခုခုရှိလို့ဟု အကဲသိကာ "အေးလေ... ပြန်တာပေါ့" ဟု အလိုက်သင့် ပြောလိုက်ရလေသည်။

ဘာအကြောင်းမျှမသိရှာသော ဆိုဖီမှာကား ဖလေယာအနားသို့ ပူးကပ်စွာ သွားထိုင်လျက် လက်မောင်းတစ်ဖက်ကို ဆွဲထားကာ တီးတိုးသံဖြင့် "ဟင်... မမကလည်း နေပါဦးတော့ မိုးချုပ်မှလည်း လာသေးတယ် စောစောကလည်း ပြန်ဦးမယ်လား။ ဒီနေ့ ဆိုဖီအပျိုဘဝနဲ့ နောက်ဆုံးနေရတဲ့ ညပဲ မမရယ်။ မမကို ဆိုဖီအပျိုဘဝနဲ့ အားရပါးရကြီး စကားပြောပါရစေဦး"ဟု တီတီတာတာ သုံးနေကျ စကားလုံး မျိုးကလေးနှင့် ချစ်ခင်စွာ တားနေရှာသည်ကိုပင် ဖလေယာ နားမဝင်နိုင်အောင် ပြန်ချင်နေလေသည်။ ထို့ကြောင့်...

"နက်ဖြန်ကာ စောစောလာမှာပေါ့ ညီမလေးရယ်။ မမ အရေးကြီး

mgyoe.com

mgyoe.com


တဲ့ ကိစ္စတစ်ခု ရှိနေသေးလို့ပါ။ အခုလည်း လာတာ အတော်ကြာပါပြီ။ ညီမလေး ကျေနပ်ပါတော့”ဟု ချော့မော့ကာ အားလုံးကို ရယ်ရယ်ပြုံးပြုံး နှုတ်ဆက်လျက် အိမ်ရှေ့ မော်တော်ကားရှိရာသို့ ထွက်လာခဲ့ကြလေ၏။ အစ်ကိုကြီးအက်ဒလားနှင့်တကွ ဟာဇစ်၊ ဆိုဖီတို့သည် အပေါက်ဝအထိ လိုက်ပို့ကြကာ မှောင်ထဲတွင် ပျောက်ကွယ်သွားသော ဂိုဘလားတို့ ကားကလေးကို မျက်စိတစ်ဆုံး ပြုံးပြုံးရွှင်ရွှင်ကြည့်ကာ ကျန်ရစ်ကြ လေသတည်း။

❐

mgyoe.com

mgyoe.com

## အခန်း [ ၃ ]

ဂိုဘလားသည် ကားကို မောင်းရင်း မိမိနှင့် ပူးယှဉ်တွဲထိုင်လျက် ပါလာသော ဇနီးသည်ဖလေယာကို ထုံးစံအတိုင်း အရေးပေး အရိပ်ကြည့် လာလေသည်။ သို့ရာတွင် မိမိက အခါတိုင်းလို ယုယုယယ ကြင်ကြင် နာနာ လေချိုသွေးနေပါလျက် ဖလေယာ၏ မသာယာလှသော မျက်နှာ ကို တွေ့မြင်ရသောအခါ ဂိုဘလားသည် စိုးရိမ်ထိတ်ပျာသော အမူအရာ နှင့် "အို... ဖလေယာ၊ မင်း ဘာဖြစ်နေတာလဲ နေမကောင်းဘူးလားဟင် ပြောစမ်းပါဦး။ ဟို အိမ်တုန်းကလည်း ချက်ချင်းပဲ ပြန်ချင်တယ်ပြော တယ်" ဟု မေးသည်။ ဖလေယာလည်း ခပ်တည်တည်မျက်နှာနှင့်ပင်

"အို... ဘာမှမဖြစ်ပါဘူး။ အရေးကြီးတဲ့ တာဝန်ကြီးတစ်ခုကို ပြောစရာရှိနေတယ်။ ရှင်လည်း ဒီအတွက်ကို ဘာမှထည့်မစဉ်းစားမိဘူး မဟုတ်လား"

"ဟင့်အင်း၊ မစဉ်းစားမိဘူး။ ဒီနေ့ အခုအချိန်အထိဖြင့် အရေးကြီး တဲ့ကိစ္စရယ်လို့ မတွေ့ခဲ့ရသေးပါကလား ဖလေယာရဲ့"

mgyoe.com

mgyoe.com


"ဒါဖြင့်၊ ရှင်ဟာ သိပ်ပြီး အမှုထမ်းပေါ့လျော့တဲ့ လူတစ်ယောက်ပေါ့"

"ဟာ ဖလေယာကလည်းကွယ်.... ဘာတွေပြောနေတာလဲ၊ ကျုပ်ရဲ့ အလုပ်တာဝန်ဆိုသမျှကို ဘာမှ မပေါ့လျော့စေခဲ့ရပါကလား"

"အဲဒီလို ရှင့်ကိုယ်ရှင် ထင်နေတာဟာ သိပ်မှားနေတယ်။ ကျွန်မတစ်ခုပြောမယ် ဂိုဘလား၊ ရှင်ဟာ ဘယ်သူတုံး"

"ကျုပ် ဂိုဘလားလေ။ ဟား... ဟား... ဟား ဟောဒီ ဖလေယာရဲ့လင်၊ ဘဏ်မန်နေဂျာ လူချောလူလှကလေး..."

"အို... ဒါမဟုတ်သေးဘူး။ အတည်ပေါက်ပြောပါ။ ခုဟာရယ်စရာ မဟုတ်ဘူး။ ရှင်ဟာ ဒါ့အပြင် ဘာလဲ။ စဉ်းစားပြောစမ်းပါဦး"

"ဒါ့အပြင်၊ ဩော်... စဉ်းစားမိပြီ။ နေရှင်နယ်ဆိုရှယ်လစ်ဂိုဏ်းဟင်မလာရဲ့ အသင်းတော်သူ ဂက်စတာပိုး ပုလိပ်စုံထောက်အဖွဲ့ကြီးရဲ့သူလျှိုမကလေး ဖလေယာရဲ့ချစ်လှစွာသော လင်တော်မောင်.... သူလျှိုလက်သစ်ကလေး ဂိုဘလားပေါ့"

"ဟုတ်တယ်။ ဒါပေမဲ့ ရှင် ဒီအဖွဲ့ကို ဝင်လာခြင်းဟာ ကျွန်မတိုက်တွန်းတာနဲ့ ကျွန်မကို အကြောင်းပြုပြီး ဝင်လာတာပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ ဟောဒီ ကျုပ် အချစ်ကလေး စိတ်ကြိုက်ကိုအလိုလိုက်ပြီး ဝင်ရတာပဲ"

"ကောင်းပြီ။ သူများတိုက်တွန်းလို့ပဲ ဝင်ဝင်၊ ကိုယ့်သဘောနဲ့ကိုယ့်စေတနာနဲ့ပဲ ဝင်ဝင်၊ ဒီအဖွဲ့ကို ဝင်ပြီးရင် သူ့စည်းကမ်းဥပဒေကိုအင်မတန် ရိုသေရတယ်ဆိုတာ သိရဲ့မဟုတ်လား။ နည်းနည်းပါးပါးအမှုထမ်း လစ်ဟင်းသည်ဖြစ်စေ၊ သစ္စာဖောက်သည်ဖြစ်စေ.... ဒီလူတစ်ယောက်အပြစ်ဒဏ်ဟာ ဘယ်လိုအဆုံးသတ်ခံရတယ်ဆိုတာလည်းရှင်အသိပဲနော်"

mgyoe.com

mgyoe.com


"သိပါတယ်ကွယ်။ ကျုပ်လည်း ဒီအဖွဲ့ထဲရောက်နေရတာ အတော်ကြာပြီ။ ကျုပ် မျက်စိရှေ့တွင်ပဲ အပြစ်ခံသွားရတဲ့ လူတွေမနည်းဘူး"

"ရှင် မကြောက်ဘူးလား"

"ဟာ ကြောက်တာမှ အလွန့်ကို ကြောက်ပါတယ်"

"ကြောက်ရင် အလုပ်တာဝန်ကို ကျေကုန်အောင် လုပ်ပါ။ ဂက်စတာပိုပုလိပ် စုံထောက်အဖွဲ့ဝင် သစ္စာခံ သူလျှိုမှုန်သမျှဟာ ကိုယ့်လင် ကိုယ့်မယား ကိုယ့်သား ကိုယ့်သမီး ကိုယ့်ညီအစ်ကို မောင်နှမသားချင်း သူငယ်ချင်း မိတ်ဆွေဆိုတဲ့ အတွယ်အတာတွေကို နည်းနည်းမှ မထောက်ထား မငဲ့ညှာရဘူး။ သူ့ဝန်သူထမ်း သူ့လမ်းသူသွားပဲ။ ကိုယ်ကြားတာမြင်တာသိတာမှန်သမျှ အကုန်သတင်းပေး စာရင်းချရမယ့် ဝတ္တရားရှိတယ်။ ဒါမှလည်း ကျွန်မတို့ အဖ ဘုရားသခင် ဟစ်တလာရဲ့ နေရှင်နယ်ဆိုရှယ်လစ် ဝါဒကြီးဟာ တည်တံ့ခိုင်မြဲပြီး ဂျာမနီဟာ ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းဖုံးအုပ်စိုးနိုင်မယ် မဟုတ်လား" ဒါကြောင့် တာဝန်ရှိတာကို ကျေကုန်အောင် လုပ်ပါ။ ပါးစပ်က ကြောက်ပါတယ်ဆိုပြီး အလုပ်တာဝန်မကျေရင်စပ်ကြားက အကြောင်းသိနေရတဲ့ လူကလည်း အပြစ်မကင်းဘူး" ဟု ခပ်တည်တည် ပြောလေတော့သည်။ ဂိုဘလားက မိမိနှင့် နှစ်နှစ်ကျော်သုံးနှစ် ချစ်ခင်ပေါင်းသင်းလာသော ဖလေယာ၏ မည်သည့်အခါကမျှ မထားဖူးသော မျက်နှာထား မကြားစဖူးသော လေသံများကို ကြားသိတွေ့မြင်ရသောအခါ ဂိုဘလားမှာ အနည်းငယ် ဝမ်းနည်း အံ့အားသင့်သွားမိလေသည်။ သူပြောပုံ လေသံနှင့် စကား၏ အဓိပ္ပာယ်ကိုလည်း စိတ်မသိုးမသန့်နှင့် သင်္ကာမကင်းဖြစ်မိသည်။ အချစ်ဝတ်ရည်ဖြင့် ပြည့်လျှမ်းကြွေးနေသည်ဟု ထင်ရသော ဖလေယာ၏ မျက်နှာကလေးပေါ်တွင် ညစ်ပတ်မည်းမှောင်သော အရိုးအရောင်တွေ

mgyoe.com

 mgyoe.com


ရစ်သန်းပိတ်ဆီးနေသည်ဟုလည်း မှတ်ထင်ရလေသည်။

"ကျုပ် ဘယ်နေရာမျိုးမှာ တာဝန်မကျေတာများ ရှိနေလို့လဲ ဖလေယာရယ်။ ကျုပ်တော့ စဉ်းစားလို့ကို မရပါဘူး"

"ရှင် စဉ်းစားလို့မရပေတဲ့ ကျွန်မမျက်စိမှာတော့ ရှင် ပေါ့လျော့နေတဲ့ တာဝန်ကြီးတစ်ခုကို ကွင်းကွင်းကွက်ကွက် မြင်ထားပြီ"

"ကျုပ်တော့ မသိတာအမှန်ပဲ။ ကဲကဲ ဖလေယာပဲ ပြောပြစမ်းပါဦး။ ကျုပ်အပြစ်ကို"

"စောစောက ဟာဇစ်ပြောတဲ့စကားကို ရှင်ရော ကျွန်မရော ကြားခဲ့တယ်မဟုတ်လား။ ဒီကိစ္စဟာ ကျွန်မတို့ရဲ့ အရေးကြီးဆုံးတာဝန်ပေါ့။"

"အို... ဒါလား။ ကျုပ်လည်း ကြားတာပေါ့။ သို့ပေတဲ့ ဖလေယာရယ်။ ဒီဟာကလေးပြောရုံနဲ့ အရေးယူစရာ မဟုတ်ဘူးလို့ ကျုပ် ယူဆမိတယ်။ စင်စစ် သူပြောတဲ့စကားဟာလည်း ဘာမှထိခိုက်နစ်နာလောက်တဲ့စကားမျိုး မဟုတ်သေးပါဘူးကွယ်"

"ဒီကိစ္စကို ရှင်က မျက်နှာလိုအားရ ရှေ့နေလိုက်နေဖို့ မဟုတ်ဘူး။ ကိုယ့်တာဝန် ကိုယ်သိရမယ်။ ကိုင်း... ကား ဟိုဘက်ချိုးမောင်းလေ"

"ဟာ... ဒီလိုမလုပ်ပါနဲ့။ အိမ်ကိုပြန်မှာ အေးအေးပြန်ပါရစေ"

"ရှင် မမောင်းချင်ရင် ကျွန်မမောင်းမယ် ဖယ်ပေး"

"နေစမ်းပါဦး။ ဖလေယာရဲ့ ဘယ်ကိုမောင်းမှာလဲ"

"ဂက်စတာပိုအဖွဲ့ဌာနကို"

"ဟာ... ဖလေယာ ကျုပ် တောင်းပန်ပါတယ်။ စဉ်းစားပါဦး"

"မတောင်းပန်နဲ့။ အပိုပဲ"

ဂိုဘလားသည် မိမိ၏ချစ်လှစွာသော ဇနီးသည် နာဇီမ ဖလေယာ၏ ခက်ထန်တင်းမာနေသော စိတ်ထားကို ဘွားခနဲ သိလာရတော့သည်နှင့် ကားကိုထိုး၍ ရပ်လိုက်ပြီးလျှင် ယုယကြင်နာစွာ ပွေ့ပိုက်ကာ

mgyoe.com

mgyoe.com


"ကျုပ် တစ်ခုပြောပါရစေဦး ဖလေယာရယ်။ ဟာဇစ်ပြောတဲ့ စကားကလေးဟာ အရေးကြီးတာလည်း မဟုတ်ပါဘူး။ သူဟာ လူရိုးလူကောင်း အထက်တန်းစားကလေး တစ်ယောက်ပါ။ ကျုပ်တို့ညီအစ်ကိုနဲ့လည်း ငယ်ငယ်တည်းက ချစ်လာကြတဲ့သူငယ်ချင်း၊ ဖလေယာနဲ့လည်း အတော်ပဲ ခင်ကြတယ်မဟုတ်လား။ သူ့ခများကလည်း.... အစ်မကြီးအစ်မကြီးနဲ့ အမြဲအရေးပေးပြီး ခင်မင်နေရှာတယ်။ နို့.... ပြီးတော့ မင့်ကိုယ်တိုင်ကလည်း ဟာဇစ်ကို အတော်ချစ်တယ်။ ဆိုဖိနဲ့ ဟာဇစ်တို့ လက်ထပ်မယ့်ကိစ္စကို မြန်မြန်အထမြောက်သွားအောင် ဖလေယာကပဲ အကျိုးဆောင်ပေးသေးတယ်မဟုတ်လားကွယ်"ဟု လေသံအေးနှင့် ဖြည်းဖြည်း ချော့မော့ဖျောင်းဖျလေသည်။ ဖလေယာမှာ မျက်နှာတင်းမာလျက်ပင်။ ထို့နောက် ဂိုဘလားက ဆက်လက်ကာ....

"သူ့အပြစ်ကလည်း အရေးယူလောက်စရာ မဟုတ်သေးပါဘူးကွယ်"

"အို... အရေးယူလောက်သည်ဖြစ်စေ၊ မယူလောက်သည်ဖြစ်စေ ကျွန်မတို့ နာဇီအဖွဲ့ကို ထိခိုက်တဲ့စကားကြားရရင် သတင်းပေးရမယ့်တာဝန်ဟာ ကျွန်မတို့ ခေါင်းပေါ်မှာရှိတယ်။ ဒီပြင်အကြောင်းကို ထည့်စဉ်းစားဖို့ ထုံးစံမရှိဘူး။ ပြောရမယ့်တာဝန်အတိုင်း မြန်မြန်သွားပြီး အကြောင်းကြားရမယ်"

"စဉ်းစားပါဦးကွယ်။ မင်းတို့ ကျုပ်တို့က သွားပြောတော့ ဟာဇစ်ဟာ ချက်ချင်း အဖမ်းခံရတော့မယ် မဟုတ်လား။ ပြီးတော့ သူ့ခများလည်း လက်ထပ်မယ့်ဆဲဆဲ လက်ထပ်မယ့်မိန်းကလေးကလည်း တခြားသူ မဟုတ်ဘူး။ မင့်ညီမလေး ဆိုဖိပါကလားကွယ်"

"ကျွန်မပြောတယ် မဟုတ်လား။ ကျွန်မတို့ဝတ္တရားဟာ ဝတ္တရားပဲ။ ဘာတွေမှ အပိုမစဉ်းစားနိုင်ဘူး။"

mgyoe.com